မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူး တရားလေးပါးတို့သည် တိုးပွားကုန်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၉၉)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ဖွင့်လှစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြခန်းအား စိတ်ပါဝင်စားစွာဖြင့်ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်)

# အွန်လိုင်းလိမ်လည်မှုများ သတိထားရှောင်ကြဉ်ကြ

လူသားအချင်းချင်း လိမ်လည်လှည့်ဖြားကာ ဒုစရိုက်မှုများကျူးလွန်နေသည့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုပြုလုပ်နေသူများအား ထိရောက်စွာအရေးယူနေသည့်သတင်းများကို ကြားသိနေရသည်။ အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့်နှိမ်နင်းရေးဆောင်ရွက်ရာတွင် ထိုင်း-မြန်မာနယ်စပ်ဒေသဖြစ်သည့် မြဝတီ-ရွှေကုက္ကိုလ်နှင့် KKPark နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများနှင့်အွန်လိုင်းလောင်းကစားမှုများကျူးလွန်စေရန် ငွေကြေးမက်လုံးပေးစည်းရုံးမှုများဖြင့် အဓမ္မလူကုန်ကူးခြင်းခံထားရသည့် တရုတ်၊ ကာဇက်စတန်၊ အင်ဒိုနီးရှား၊ အီသီယိုးပီးယား၊ ပါကစ္စတန်၊ မလေးရှား၊ အိန္ဒိယနိုင်ငံသားများ စုစုပေါင်း ၆၁ ဦးဖော်ထုတ်ရရှိပြီး ဖေဖော်ဝါရီလ ၆ ရက်တွင် မြန်မာနိုင်ငံအစိုးရတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့တာဝန်ရှိသူများက ထိုင်းနိုင်ငံဘက်မှတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်) ဆောင်ရွက်နေသူများအား ဖော်ထုတ်ဖမ်းဆီးရမိကြောင်းနှင့်လိုအပ်သည့် စစ်ဆေးဖော်ထုတ်မှုများဆောင်ရွက်ပြီး သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်းသတင်းကို ဖေဖော်ဝါရီလ ၈ ရက် သတင်းစာများတွင် ဖော်ပြထားသည်။ ဖမ်းဆီးရမိသူများကို စစ်ဆေးမေးမြန်းချက်များအရ သူတို့သည်ကွန်ပျူတာနှင့်ပတ်သက်သည့်လုပ်ငန်းများ၊ ဘာသာပြန်လုပ်ငန်းများတွင် လစာအများအပြားရရှိမည်ဟု အွန်လိုင်းမှတစ်ဆင့်သွေးဆောင်စည်းရုံးခြင်း၊ မက်လုံးပေးသိမ်းသွင်းခြင်းခံခဲ့ရသူများဖြစ်သည်။ အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုများမှာ မြန်မာနိုင်ငံသားများကိုသာမက လူသားအားလုံးအပေါ်တွင် လိမ်လည်နေခြင်းဖြစ်သည်။

အထက်ပါဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများအား စနစ်တကျစိစစ်ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီတရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရန်နှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့်ငွေကြေးလိမ်လည်မှု(ကျားဖြန့်) လုပ်ငန်းများအား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်မှုများကိုဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၃ ရက်တွင် ကျင်းပသည့်ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **"တရားမဝင်အွန်လိုင်းလောင်းကစားနှင့်ငွေကြေးလိမ်လည်မှု(ကျားဖြန့်)ကို အကြောင်းပြု၍ နိုင်ငံတော်တွင် အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး ထိထိရောက်ရောက်အရေးယူမှုများကိုဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာ၌လည်း ၎င်းကိစ္စနှင့်ပတ်သက်၍ အာရုံစိုက်မှုရှိလာကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့်ပူးပေါင်း၍ ၎င်းဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွကျယ်ပြန့်စွာဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်၊ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့်ငွေကြေးလိမ်လည်မှုလုပ်ငန်းများ၊ အခြားဒုစရိုက်လုပ်ငန်းများမရှိစေရေးနှင့်မဖြစ်ပေါ်စေရေး ဖော်ထုတ်အရေးယူခြင်းများဖြင့် တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသားဖြင့် ကိုင်တွယ်ဆောင်ရွက်သွားကြရန်မဖြစ်မနေလိုအပ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်လျက်ရှိသည်။ ထိုသို့တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးမှုရှိမှသာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံအတွင်းတရားမဝင်အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုများအပြင် မူးယစ်ဆေးဝါးကိစ္စများနှင့်အခြားဒုစရိုက်များ၌ပါဝင်ဆောင်ရွက်နေသူများကို စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိသည်။

နိုင်ငံအတွင်းအွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုကျူးလွန်နေကြသူများမှာ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုနည်းပါးခြင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းခြင်းရှိသည့်ဒေသများကိုရွေးချယ်ကာ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အပါအဝင် လက်နက်ကိုင်အဖွဲ့များ၊ ကိုယ်ကျိုးစီးပွားရှာသူများနှင့်ပူးပေါင်းကာ လုပ်ဆောင်နေခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူခြင်းများကို ပြတ်ပြတ်သားသားဆောင်ရွက်လျက်ရှိခြင်းကြောင့် ဖမ်းဆီးရမိမှုများလည်း များပြားလျက်ရှိသည်။ မြန်မာနိုင်ငံသားများအနေဖြင့် အဆိုပါသတင်းများကိုကျယ်ကျယ်ပြန့်ပြန့်သိရှိစေချင်သည်။လစာငွေကြေးအများကြီးရမည်ဆိုသည့် လက်တွေ့မမြင်ရသည့်လုပ်ငန်းများကို မက်မောတွယ်တာကာ မိမိတို့တတ်ကျွမ်းထားသည့်နည်းပညာများကို လွဲမှားစွာအသုံးပြုမိပါက ဆိုးကျိုးများနှင့်ကြုံတွေ့ရမည်ဖြစ်သည်ကို သင်ခန်းစာယူကြပါရန်ရေးသားလိုက်ရပေသည်။ ။

# ရန်အောင်မြင်ပရိယတ္တိသာသနာလင်္ကာရ စာအောင်ဆုနှင်းသဘင်အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ရန်အောင်မြင်ရွှေလက်လှစေတီတော်မြတ်ကြီးဝင်းအတွင်းရှိ သာသနာလင်္ကာရ ဗိမာန်တော်ကြီး၌ ဖေဖော်ဝါရီလ ၉ ရက် နံနက်ပိုင်းတွင်(၁၁) ကြိမ်မြောက် ရန်အောင်မြင်ပရိယတ္တိသာသနာလင်္ကာရစာအောင်ဆုနှင်းသဘင်အခမ်းအနားကျင်းပသည်။

ရှေးဦးစွာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော်ဘဒ္ဒန္တဇနိန္ဒထံမှအခမ်းအနားတက်ရောက်လာသည့်ဒေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက သာသနာရေးဆိုင်ရာများကို လျှောက်ထား၍ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက စာအောင်သာမဏေသီလရှင်များအား စာအောင်လက်မှတ်နှင့် အလှူငွေများဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ကျီးသဲလေးထပ်ဆရာတော် ဒေါက်တာအရှင်စန္ဒာဝရထံမှ ဒေ့ပရိသတ်များက တရားတော်များနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အဆိုပါ (၁၁)ကြိမ်မြောက် ရန်အောင်မြင်ပရိယတ္တိသာသနာလင်္ကာရစာအောင်ဆုနှင်းသဘင်၌ စာအောင်ပထမအဆင့် သာမဏေ ၄၅၇ ပါး၊ သီလရှင် ၅၆ ပါး၊ ဒုတိယအဆင့် သာမဏေ ၁၂၀ ပါး၊ သီလရှင် ၂၃ ပါး၊ တတိယအဆင့် သာမဏေ ၃၃ ပါး၊ သီလရှင်နှစ်ပါးတို့အား စာအောင်ဆုနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းကြောင်းသိရသည်။ **ဝေကြည် ( ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းများဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

ဖြူး ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆီထွက်သီးနှံစိုက်ပျိုးသော လုပ်ကွက်ငယ်တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့နှင့်သွင်းအားစုများအတွက် ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ ရေအိုးစင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ဖေဖော်ဝါရီလ ၁၀ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်ဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရေအိုးစင်ကျေးရွာ၌ နေကြာအပါအဝင် နှမ်း၊ မြေပဲနှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထားမှုအခြေအနေများ၊ လစဉ်ပေးပို့ရသည့်စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်းပေးသွင်းစေလိုကြောင်း ပြောကြားသည်။

ရေအိုးစင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင် နေကြာအပါအဝင် တခြားဆီထွက်သီးနှံစိုက်ပျိုးသော အသင်းသား၊ အသင်းသူ စုစုပေါင်း ၉၂ ဦးကို ပဉ္စမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)မှ အရင်းမပျောက်မတည်ရန်ပုံငွေကျပ် ၃၁၄ သိန်းထုတ်ချေးပေးထားပြီး နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

### သဇင် (FM) အသံလွှင့်အစီအစဉ်

၁၁-၂-၂၀၂၅(အင်္ဂါနေ့)

| | |
|---|---|
| ၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည် | ၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း |
| ၂။ ၁၁:၅၀ လှပကျန်းမာ | ၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၃။ ၁၄:၅၀ Speech On Air | ၆။ ၂၁:၂၀ Memory Box |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၃-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၃-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄**
**စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်**
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm



## တိုင်းရင်းသားစည်းလုံးညီညွတ်ရေး

မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့်တည်ဆောက်ထားသည့်နိုင်ငံဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့်အလိုအပ်ဆုံးမှာ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူကြရေးပင်ဖြစ်ကြောင်း အသိပေးတိုက်တွန်းမှာကြားလိုပါသည်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ
(၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

၇-၂-၂၀၂၄

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တည်းခိုနေထိုင်သည့်နေရာများ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ ဆေးပေးခန်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တည်းခိုနေထိုင်သည့်နေရာများအား ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆေးပေးခန်းတွင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှု မှတ်တမ်းပြုလုပ်ထားရှိမှု၊ X Scan စက်နှင့် ကုသရေး အထောက်အကူပြုစက်ပစ္စည်းထားရှိမှု၊ ဆေးဝါးသိုလှောင်ထားရှိမှု၊ အားကစားသမားများကို နေ့စဉ်အားဆေးတိုက်ကျွေးမှု၊ အားကစားသမားများ လေ့ကျင့်ရာတွင်မတော်တဆထိခိုက်ဒဏ်ရာရရှိလာပါက အရေးပေါ်ကုသမှုများ ပြုလုပ်ပေးနိုင်ရန်အတွက် ကုသရေး အထောက်အကူပြုပစ္စည်းများနှင့် ဆရာဝန်လုံလောက်မှုရှိ/မရှိအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပြိုင်ပွဲကာလ နီးကပ်လာပြီဖြစ်၍ အားကစားသမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုဂရုစိုက်ဆောင်ရွက်ပေးသွားရန်၊ အာဟာရပြည့်ဝမည့် အစားအသောက်သုံးစွဲမှု လမ်းညွှန်ချက်ကို အားကစားအဖွဲ့ချုပ်များထံ အချိန်မီဖြန့်ဝေပေးသွားရန်၊ အားကစားသမားများ အသုံးများသည့်ဆေးဝါးများ လုံလောက်အောင် ဖြည့်တင်းဝယ်ယူသွားရန်နှင့် အခက်အခဲတစ်စုံတစ်ရာရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ အိပ်ဆောင်များအား ကြည့်ရှုစစ်ဆေးပြီး ရေ/မီး အဆင်ပြေစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ကျေးလက်လမ်း တံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်

**ညောင်ဦး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီလ ၉ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် ခရိုင်/မြို့နယ် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေကျပ် ၁၈၂ ဒသမ ၆၅၈ သန်းဖြင့် ဆောင်ရွက်နေသည့် ဖျောက်ဆိပ်ပင်ကျေးရွာအဝင်လမ်း အရှည် ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၁၃ လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေကျပ်သန်း ၉၀ ဖြင့်ဆောင်ရွက်နေသည့် ပုဂံမြို့သစ်မှ နတ်ကြို့အိုင်ကျေးရွာအဝင်လမ်း အရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၈ ပေ၊ ထု ၈ လက်မ ဂျင်းမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ အဆိုပါလမ်းပေါ်တွင် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေကျပ် ၆၃ ဒသမ ၇၅ သန်းဖြင့် အရှည် ၇၅ ပေ၊ အကျယ်ပေ ၂၀ ရှိ ကွန်ကရစ်ရေကျော် တည်ဆောက်နေမှုကိုလည်းကောင်း၊ ပြည်ထောင်စု ဖြည့်စွက်ရန်ပုံငွေကျပ် သန်း ၂၀ ဖြင့် အရှည် ၅ ပေ၊ အကျယ် ၂၄ ပေရှိ Box Culvert နှစ်စင်း တည်ဆောက်နေမှုကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးပြီး ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကျော်ဇေယျာဝင်းက လုပ်ငန်းများအားလုံးကို သတ်မှတ်ကာလအတွင်း ဆောလျင်စွာပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားကြောင်း သိရသည်။

ဇင်မာ

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**မြိတ် ဖေဖော်ဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကျောင်းသား၊ ကျောင်းသူများအား စာပေဗဟုသုတပိုမိုလေ့လာကြစေရန်နှင့်စာပေဖတ်ရှုခြင်းဖြင့်ရရှိလာမည့်အကျိုးကျေးဇူးများကိုသိရှိစေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၀ ရက် နံနက်ပိုင်းတွင် မြိတ်ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာက အသိပညာပေးဟောပြောပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်များနှင့် ကျောင်းသား၊ ကျောင်းသူလူငယ်များ ငယ်ရွယ်စဉ်ကတည်းကပင် စာပေများကို ဖတ်ရှုလေ့လာကြရန်၊ စာပေဖတ်ရှုခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ စာပေလေ့လာဖတ်ရှုသူသည် စာမဖတ်သူထက် အသိဉာဏ်ပိုမိုရရှိစေပြီး အမှားအမှန်ကို သုံးသပ်ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက စကားပုံဆက်ပြိုင်ပွဲတွင်ပျော်ရွှင်စွာပါဝင်ကြပြီး ကဗျာရွတ်ဆိုခြင်းနှင့်ပုံပြင်ပြောခြင်းများကိုဆောင်ရွက်ကြကာ ပါဝင်သူများကို လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာက အမှတ်တရစာအုပ်များ ပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားပညာပေးလက်ကမ်းစာစောင်များဝေငှပေးကြောင်း သိရသည်။

ခိုင်ထူး ( ပြန်/ဆက် )

တိုင်းပြည်သာယာ ဝပြောဖို့
ငြိမ်းချမ်းရေးကို တည်ဆောက်စို့

တို့ပြည်ထောင်စုတိုင်းရင်းသားများ
ညီညွတ်စွမ်းအား ပြည့်ခွန်အား

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

၁၅ မိနစ်ခန့်ကြာလတ်သော် ကျွန်ုပ်မှာ ငြိမ်သက်စွာ စောင့်မျှော်မနေနိုင်သဖြင့် စံဒေဝီတို့၏အိမ်ရှေ့မှ လမ်းလျှောက်သွားရာ ကျွန်ုပ်၏နှမနှင့် စံဒေဝီသည် အိမ်ရှေ့ဝင်းထဲ၌ ခုံရှည်တစ်ခုပေါ်တွင် လမ်းဘက်သို့မျက်နှာလှည့်ကာ ယှဉ်ထိုင်လျက်ရှိသည်ကို မြင်ရ၏။ လဆန်း ၁၂ ရက် လမင်းသည်လည်း စံဒေဝီနှင့် နှမကလေးတို့၏ မျက်နှာပေါ်သို့ ထင်းထင်းကြီးသာလျက်ရှိရာ ကျွန်ုပ်အား ပြုံးလျက်ကြည့်နေကြသော သူတို့၏မျက်နှာများကို ထင်ရှားစွာမြင်ရ၏။ မိခင်နှစ်ဦးတို့ကား အပေါ်ထပ်တွင် ကျွန်ုပ်အကြောင်းကို ပြောလျက်ရှိကြမည်ဟု ကျွန်ုပ်သိနိုင်၏။

အိမ်ကိုကျော်လွန်၍ တစ်ပြခန့်လမ်းလျှောက်လာခဲ့ရာတွင် အကြံတစ်ခုပေါ်လာ၏။ ကျွန်ုပ်သည် စံဒေဝီ၏နှုတ်မှ အဖြေရအောင်မေးလိုသောဆန္ဒကို သတိရ၍ ဤအချိန်သည် အလွန်အခွင့်သာသော အချိန်ကောင်းပေတည်းဟု ဆုံးဖြတ်ကာ လှည့်လာခဲ့၏။ လမ်းခရီး၌ ရှက်ရွံ့တတ်သောဝါသနာအလျောက် စိတ်ကူးတစ်ခုပေါ်လာပြန်သည်မှာ စံဒေဝီနှင့် နှမကလေးထိုင်သောခုံရှည်သို့ဝင်၍ ထိုင်ရလျှင် နှမကို ရှက်ဖို့ကောင်းသည်။ သူက အလိုက်သိစွာ ရှောင်ဖယ်ပေးလျှင် တော်ပါ၏။ နှမအားဖယ်ပေးဖို့ ကိုယ်တိုင်ပြောရလျှင် ရှက်စရာကြီးဖြစ်လိမ့်မည်။ သို့သော် မတတ်နိုင်။ နှမကို ရှက်မနေနိုင်တော့ဟု စိတ်တင်းကာ ဆက်လက်လျှောက်လာခဲ့ရာ အနီးသို့ရောက်ပြန်တော့လည်း နှမကို ရှက်ခြင်း၊ စံဒေဝီကို ရွံ့ခြင်းတို့ နှစ်ခုပေါင်းပြီး ကြောက်ဒူးတုန်လာသည်နှင့် ဝင်းထဲသို့မဝင်ဘဲ ကျော်လွန်လျှောက်သွားလေ၏။ အတန်ကျော်လွန်ပြီးနောက် ပြန်လှည့်လာကာ ချိုးဝင်မည်ပြုပြန်တော့လည်း ယခင်အတိုင်းပင် တွန့်နေပြန်သည်နှင့် ဆက်လက်၍ လျှောက်သွားရပြန်၏။

ဤနည်းအတိုင်း သုံးခေါက်တိတိ ကျော်ချည်ပြန်ချည်လုပ်နေရာတွင် ဒူးတုန်နေခြင်းမှာ သက်သာရာမရဘဲ တိုး၍သာတုန်လာ၏။ တတိယခေါက်၌မူ ကိုယ့်ကိုယ်ကိုယ်ဆင်ခြေပေး၍ အကြောင်းရှာသည့်အနေဖြင့် အိမ်ပေါ်မှ မိခင်နှစ်ဦး ဆင်းလာခြင်းကိုပင် တောင့်တသကဲ့သို့ ဖြစ်နေ၏။ (ယခုရေးသောအခြင်းအရာများသည် တကယ့်ဟာမဟုတ်ဘဲ ဝတ္ထုရေးခြင်းဖြစ်ခဲ့လျှင် သဘာဝကျအောင် မရေးတတ်သော ဝတ္ထုရေးသမားတစ်ယောက်ဟူ၍ပင် ကျွန်ုပ်အား စွပ်စွဲကောင်းစွပ်စွဲကြပေလိမ့်မည်။ ဘာ့ကြောင့် ဤမျှလောက် စံဒေဝီကို ကျွန်ုပ်ရွံ့ရသည် မပြောတတ်ချေ။ ကျွန်ုပ်ဘက်၌ အားလုံးရှိ၍ ရွံ့စရာဘာမျှမရှိကြောင်းသိလျက်နှင့် ဒူးတုန်ရသည်မှာ "ငတ်" ချင်၍ ဖြစ်ရမည်ဟု နောင်တွင် ကျွန်ုပ် ရေရွတ်မိဖူးသည်။) နောက်ဆုံးခေါက်၌ နှမကလေးက မောင်ကြီးလားဟု လှမ်း၍မေးကာ အားပေးလိုက်သောအခါမှ ဝင်းထဲသို့ ချိုးဝင်မည်ပြုရာတွင် မိခင်နှစ်ဦးကို လှေကားမှ ဆင်းတော့မည်ပြုခြင်းကို မြင်သည်နှင့် လှည့်ထွက်လာရပါတော့သည်။ သို့နှင့် စံဒေဝီအား "ဦးတိုက်" မေးဖို့ ပထမဦးဆုံးနှင့် နောက်ဆုံးအကြိမ်ရရှိသောအခွင့်အရေးမှာ လက်လွတ်သွားခဲ့ရပါလေပြီ။ နောက်ကာလများ၌ "မရဲသောလူတို့သည် မိန်းမချောကို ဘယ်တော့မှ မရနိုင်" ဟူသော အင်္ဂလိပ်စကားပုံကို ကျွန်ုပ် မကြားခဏသတိရမိပါတော့သည်။

### ဇာတာတိုက်ခြင်း

ကျွန်ုပ်သည် အိမ်သို့ ဦးအောင်ပြန်ပြေး၍ မိခင်နှင့်နှမပြန်လာမည်ကို စောင့်လျက်ရှိရာ ကျွန်ုပ်ထက်ငယ်ရွယ်သည့် မိန်းမသားကလေးဖြစ်သောနှမက ကျွန်ုပ်အားကြည့်၍ရယ်သည်တွင် ကျွန်ုပ်မှာ တစ်မျိုးရှက်ရပြန်သည်။ ရှက်ရပုံကား မိမိ၏ညံ့ဖျင်းခြင်းကို အစမှအဆုံးတိုင် မြင်သွားသည်ဟု ကျွန်ုပ်သိရသောကြောင့်ပေတည်း။ မိခင်ပါလာသောသတင်းမှာ စံဒေဝီ၏အမေကြီးက "ဇာတာတိုက်" လိုပါသည်ဆို၍ ကျွန်ုပ်၏ဇာတာကို ပို့လိုက်ရန်ဖြစ်လေသည်။ ကျွန်ုပ်၏မိဘများသည် ဤအလုပ်မျိုးတွင် အယုံအကြည်မရှိသဖြင့် ကျွန်ုပ်၏ဇာတာပင် ဖွဲ့ထားပြီးမရှိသည်နှင့် အသစ်ဖွဲ့၍ ပို့လိုက်ရသည်။ ဇာတာနှစ်စောင်ကို ငွေဖလားကြီးတွင်ထည့်၍ ပုဏ္ဏားပညာရှိ ဦးကဝိထံသို့ အမေကြီးကိုယ်တိုင်သွားပြီးတိုက်လေရာ နေရာမကျဟုဟောလိုက်၏။ စံဒေဝီမှာ ဘီလူးနက္ခတ်ဖြစ်၍ ကျွန်ုပ်မှာ လူနက္ခတ်ဖြစ်သည်ဆိုရာ လူနှင့်ဘီလူး မတည့်ဟုဆို၏။ ပေးစားခဲ့လျှင် ဘီလူးက လူကိုစားလိမ့်မည်ဆို၏။ ကျွန်ုပ်မှာ ဤအရာမျိုး၌ မယုံကြည်သည်နှင့် စားချင်စားပါစေ၊ ခံစရာရှိလျှင် ခံဖို့အသင့်ရှိပါသည်ဟု စကားပြန်သော်လည်း အမေကြီးက သူ့သမီး မုဆိုးမအဖြစ်မခံနိုင်သည့်အနေမျိုးဖြင့် လှည့်ပတ်ကာ စကားပြန်လာသည်။ "ဘုန်းကြီး နှစ်ခါရှက်" ဖြစ်ရပြန်လေပြီ။

### ကြံရာမရလေပြီ

ထိုညက ကျွန်ုပ်သည် စံဒေဝီနှင့် နှမကလေးရှိသော ခုံရှည်သို့ချဉ်းကပ်၍ စံဒေဝီထံမှ စကားတစ်ခွန်းအခိုင်အမာရအောင် တောင်းယူနိုင်ခဲ့ပါမူကား (တောင်းရုံကလေးမျှတောင်းဝံ့လျှင် ရလိမ့်မည်ဟူ၍လည်း ယုံကြည်သည်။) မည်သည့်အခြေအနေမျိုးနှင့် ရင်ဆိုင်ရသည်ဖြစ်စေ ကျေနပ်စွာရင်ဆိုင်ရဲပါ၏။ စကားတစ်ခွန်းရလိုက်သည်ဆိုကတည်းက ကျွန်ုပ်၏ရှုံ့သောစိတ်သည် (ပယောဂဆရာက ခြေချုပ်လွှတ်လိုက်သော စုန်းကဝေကဲ့သို့) ပျောက်ပြယ်သွားပြီး ပြောရဲ၊ ဆိုရဲ၊ ကြံစည်ရဲဖြစ်လာလိမ့်မည်ထင်ပါသည်။ ယခုသော် စံဒေဝီအပေါ်၌ ဒေါသဖြစ်လောက်သည့် အခြေခံရှာမရသဖြင့် ဒေါသစိတ်၏တင်းမာသော အထောက်အပံ့လည်း မရဘဲရှိရကား ဘာလုပ်ရမည်မသိ။ အတော်ပျော့ခွေလျက်ရှိ၏။ အမေကြီးပေါ်၌ ဒေါသစိတ်တစ်ချက်တစ်ချက် ပေါ်လာခြင်းမှတစ်ပါး စံဒေဝီနှင့်ပတ်သက်၍ လက်ဆုပ်လက်ကိုင်ဘာမျှမရှိခြင်းကြောင့် စိတ်လည်းမဆိုးနိုင်။ ဘာမျှလည်း မကြံတတ်တော့ချေ။ အပျိုကြီးကို ချဉ်းကပ်မည်ကြံသော်လည်း ၎င်းမှာ အမေကြီး၏ "လူ" ဖြစ်သောကြောင့် မိန်းမကြီးနှင့် ဆန့်ကျင်ဘက်အလုပ်မျိုးဖြင့် ကျွန်ုပ်အား အကူအညီပေးလိမ့်မည်မဟုတ်ကြောင်း သိပြီးဖြစ်လေသည်။

> **"ထိုညက ကျွန်ုပ်သည် စံဒေဝီနှင့် နှမကလေးရှိသော ခုံရှည်သို့ချဉ်းကပ်၍ စံဒေဝီထံမှ စကားတစ်ခွန်းအခိုင်အမာရအောင် တောင်းယူနိုင်ခဲ့ပါမူကား (တောင်းရုံကလေးမျှတောင်းဝံ့လျှင် ရလိမ့်မည်ဟူ၍လည်း ယုံကြည်သည်။) မည်သည့်အခြေအနေမျိုးနှင့် ရင်ဆိုင်ရသည်ဖြစ်စေ ကျေနပ်စွာရင်ဆိုင်ရဲပါ၏။ စကားတစ်ခွန်းရလိုက်သည်ဆိုကတည်းက ကျွန်ုပ်၏ရှုံ့သောစိတ်သည် (ပယောဂဆရာက ခြေချုပ်လွှတ်လိုက်သော စုန်းကဝေကဲ့သို့) ပျောက်ပြယ်သွားပြီး ပြောရဲ၊ ဆိုရဲ၊ ကြံစည်ရဲဖြစ်လာလိမ့်မည်ထင်ပါသည်. . ."**

### ဖိ၍ထောင်းခံရခြင်း

မိခင်တို့ကား ဝက်လက်သို့ ပြန်သွားကြလေပြီ။ မိခင်မှာ ဇာတာတိုက်ခြင်း၏ အဟောကိုပင် ကြားမသွားရှာချေ။ မိဘများအား ပြောပြရန်မှာ ကျွန်ုပ်၏တာဝန်ဖြစ်နေခဲ့လေပြီ။ မည်ကဲ့သို့ပြောရပါမည်နည်း။ ကျွန်ုပ်၏စိတ်ကို စစ်လိုက်သော် လွဲရခြင်းကြောင့် နှမြောမိခြင်းထက် ရှက်ခြင်းက ပိုလျက်ရှိ၏။ အင်္ဂလန်ပြည်၌ တချို့လူငယ်များသည် အလိုမကျသောကိစ္စတစ်ခုဖြစ်ပေါ်သည့်အခါ သင်္ဘောသားအဖြစ်နှင့် လိုက်ပါသွားပြီး တစ်ပြည်တစ်နိုင်ငံသို့ လွင့်ကြသည်ဆိုရာ မြန်မာပြည်၌ ထိုကဲ့သို့လုပ်၍ ဖြစ်နိုင်လျှင် ကောင်းလေစွဟု အောက်မေ့မိ၏။ ကျွန်ုပ်သည် အရပ်ထဲတွင် မျက်နှာမဖော်ဘဲ အိမ်ထဲ၌ကုပ်ကာ အကြံထုတ်လျက်သာနေ၏။ တစ်နေ့သ၌ ဖခင်၏ဆရာတစ်ဆူဟူ၍ ဖော်ပြခဲ့ဖူးသည့် ပုဂ္ဂိုလ်ကြီးထံသို့ချဉ်းကပ်၍ "စိတ်ပြေလက်ပျောက်" စကားပြောလျက်ရှိစဉ် ထိုပုဂ္ဂိုလ်ကြီးအား ကျွန်ုပ်က စံဒေဝီကြောင်းကို တစ်စုံတစ်ရာစကားစပ်ဟပ်ခြင်း မရှိပါဘဲလျက် ပြောလိုက်ခြင်းမှာ–

"မင်းတို့လက်ထက်က တယ်ခက်တယ်ကွယ့်။ စကားတစ်လုံးကို တန်ဖိုးမထားကြဘူး။ တောင်လိုလိုမြောက်လိုလို ယီးတီးယားတားနဲ့ ဟိုအစဆွဲ၊ ဒီအစကိုင်။ နောက်ဆုံးကျတော့ မင်းထက်သာတာမရရင် မင်းနဲ့ပေးစားလိုက်မှာပဲ" ဟု လွှတ်ခနဲပြောလိုက်လေ၏။ ကျွန်ုပ်မှာ မျက်နှာများထူပူရှိန်းဖိန်းသွား၏။ ကျွန်ုပ်နားလည်ခြင်းကား တစ်မျိုး၊ သူထင်သည်ကား တစ်မျိုးဖြစ်နေ၏။ ကျွန်ုပ်က ဇာတာကြောင့် ထင်ရာ သူကမူ အမေကြီး "ဆန္ဒ"အတိုင်း သမီးကလည်း သဘောတူလိုက်နာလျက်ရှိသည်ဟုထင်၏။

**ဆက်လက်ဖော်ပြပါမည်။**

---

# စစ်ကိုင်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော



စစ်ကိုင်း ဖေဖော်ဝါရီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဖေဖော်ဝါရီလ ၁၀ ရက်တွင် စစ်ကိုင်းမြို့ အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း (ပန်းဘဲတန်း)၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထက်ထက်လင်းက ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗဟုသုတများပြည့်စုံစေရေး၊ အသိပညာ၊ ဗဟုသုတများ ပြည့်စုံစေရေး၊ စာအုပ်စာစောင်များ လေ့လာဖတ်ရှုကြရေး၊ ငယ်စဉ်ကပင် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ပျိုးထောင်ကြရေးနှင့် အနာဂတ်တွင် နိုင်ငံတော်မှအားထားရသည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေး စသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေလင်းအောင်က ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးအလုပ်သမားများ၏အသက်အရွယ်နှင့် အလုပ်ချိန်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များ စသည့်သိကောင်းစရာများကိုဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများအား (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲပြခန်းများ


























# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲပြခန်းများ



















# ပြင်ဦးလွင်ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်-၂၀၂၅ ဖွင့်ပွဲအခမ်းအနားကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားမြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ပြင်ဦးလွင်ကျေးလက်ဒေသစက်ဘီးစီးခရီးစဉ်-၂၀၂၅ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ ခရိုင်ပြည်သူ့အားကစားကွင်း၌ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းအဆင့်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ ပြင်ဦးလွင်ကျေးလက်ဒေသစက်ဘီးစီးခရီးစဉ် -၂၀၂၅ တွင် ပါဝင်စီးနင်းကြမည့် စက်ဘီးစီးအားကစားသမားများနှင့် စက်ဘီးစီးဝါသနာရှင်များ တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက စက်ဘီးစီးအားကစားသမားများအား သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးပြီး ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းသို့ ပန်းဝင်ရောက်ရှိလာကြသည့် စက်ဘီးစီးအားကစားသမားများအားကြိုဆို၍ အမှတ်တရ လည်ဆွဲတံဆိပ်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သူများကိုဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းအတွင်း ခရီးသွားဧည့်သည်များ အပန်းဖြေ လှေ့လာလည်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးမြို့ရှိ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအား ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များကို အလွယ်တကူသိရှိနိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ၆၈ လမ်းတွင်ဖွင့်လှစ်ထားသည့် သတင်းနှင့် ပြန်ကြားရေးကောင်တာ၊ နိုင်ငံပိုင်ဟိုတယ်များဖြစ်သည့် မန္တလေးစွမ်းဟိုတယ်နှင့် ထွန်းလှဟိုတယ်လုပ်ငန်းလည်ပတ်နေမှုနှင့် ခရီးသည်တည်းခိုမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးရုံးခွဲသို့သွားရောက်ပြီး ရုံးခွဲတွင်တာဝန်ထမ်းဆောင်နေကြသော အရာထမ်း၊အမှုထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁°C | / | ၃၄°C |
| ရန်ကုန် | ၂၀°C | / | ၃၆°C |
| မန္တလေး | ၂၀°C | / | ၃၇°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး၊ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၂ ရက်မှ ၃ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၁ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ၃ ရက်မှ ၆ ရက်ခန့် နှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၁ ရက်မှ ၂ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်ခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၃ လက်မခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ လက်မခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ၁ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ လက်မခန့်၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၃ လက်မခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၃ လက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ လက်မခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ၃ လက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ၃ လက်မခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**(မိုး/ဇလ)**

# ကျန်းမာရေးအတွက် နနွင်းဆေးတစ်ခွက်

ဒေါက်တာလပြည့်ခင်

**"နနွင်းကိုအဆစ်ရောင်ခြင်း၊ ရင်ပူခြင်း၊ အဆစ်ကိုက်ခြင်း၊ အစာအိမ်အောင့်ခြင်း၊ အူလမ်းကြောင်းအနာဖြစ်သည့်ရောဂါ၊ ဝမ်းပျက်ခြင်း၊ လေထိုးလေပွခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ မျက်စိဝါ၊ အသားဝါခြင်း၊ အသည်းရောဂါ၊ အစာအိမ်အနာများ၊ Lichen Planus ခေါ် အရေပြားရောဂါတစ်မျိုး၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ဓာတ်ရောင်ခြည်ကုထုံးကြောင့် အရေပြားရောင်ခြင်း စသည့်ကျန်းမာရေးပြဿနာအမျိုးမျိုးအတွက် အသုံးပြုကြသည်။**

**ထို့ပြင် ခေါင်းကိုက်ခြင်း၊ လေပြွန်ရောင်ခြင်း၊ အအေးမိဝေဒနာ၊ အဆုတ်ပိုးဝင်ခြင်း၊ တစ်ကိုယ်လုံးနာကျင်ကိုက်ခဲခြင်း၊ အနာကြီးရောဂါ၊ ဖျားနာခြင်း၊ ဓမ္မတာလာစဉ်ဖြစ်တတ်သည့်ဝေဒနာများ၊ အရေပြားယားယံခြင်း၊ ကင်ဆာရောဂါများ၊ ဆီးအိတ်ရောင်ခြင်းနှင့် ကျောက်ကပ်ရောဂါများအတွက်လည်း နနွင်းကိုအသုံးပြုနိုင်သည်. . ."**

နနွင်းကို တချို့က ဆနွင်းဟု ခေါ်ကြသည်။ နနွင်း(ဆနွင်း)သည် မြန်မာလူမျိုးများ၏ မီးဖိုချောင်တွင် အမြဲရှိသည့်ပစ္စည်းများထဲမှတစ်ခုဖြစ်သည်။ နေ့စဉ်ဟင်းချက်ရာတွင် ဟင်းများကို အရောင်တင်ရန်အတွက်သော်လည်းကောင်း၊ ဟင်းခတ်အမွှေးအကြိုင်အဖြစ်သော်လည်းကောင်း ထည့်သုံးလေ့ရှိပါသည်။ နနွင်း(ဆနွင်း)ကို အင်္ဂလိပ်လို Turmeric ဟုခေါ်ပြီး ရုက္ခဗေဒအမည်မှာ Curcuma longa L နှင့် မျိုးရင်းမှာ Zingiberaceae ဖြစ်သည်။ နနွင်းပင်သည် မြေအောက်ပင်စည်ပင်မျိုးဖြစ်ပြီး လေးပေကျော်အထိ မြင့်တတ်သည်။ ဘဲဥပုံမြစ်ဥများရှိပြီး မြစ်ဥအတွင်းသားသည် တောက်ပသောအရောင်ရှိသည်။ နနွင်းပင်၏ရွက်ညှာသည် ရွက်ပြားနှင့်အလျားညီပြီး ရွက်ညှာရင်းမှ ရွက်ပြားထိပ်အထိ အမြောင်းပါ၍ ရွက်ပြားရှည်မျောမျောပုံဖြစ်ပြီး အဖျားချွန်ကာ အရင်းသွယ်သွယ်နှင့် ရွက်နားညီသဖြင့် ရွက်ကြောများသည် အလွန်ထင်ရှားသည်။ ထို့ကြောင့် နနွင်းပင်၏အရွက်များသည် ကြီးမားပြီး ရှည်မျောမျောလှံစွပ်ပုံသဏ္ဌာန်ရှိသည်ဟု ဖော်ပြကြပါသည်။ အဝါနုရောင်ရှိသည့် နနွင်းပွင့်သည် ဆိပ်ဖလူးပွင့်နှင့်ဆင်တူပြီး ဝါဆို၊ ဝါခေါင်လတို့တွင် ပွင့်သည်။ အစားအသောက်နှင့်ကုန်ထုတ်လုပ်ငန်းများတွင် နနွင်းမှရသည့်အဆီကို ရေမွှေးပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုပြီး နနွင်းပင်၏ သစ်စေးကို အစားအသောက်များတွင် အနံ့အရသာနှင့် အရောင်ထွက်ကောင်းမွန်စေရန် အသုံးပြုကြသည်။ နနွင်းသည် နနွင်းပင်မှရရှိသည့် ဟင်းခတ်အမွှေးအကြိုင်တစ်ခုဖြစ်ပြီး နနွင်းပင်၏အမြစ်ကို ဆေးအဖြစ် တွင်ကျယ်စွာ အသုံးပြုနေကြသည်။

နနွင်းသည် အရှေ့တောင်အာရှအစားအစာများကြားတွင် ရေပန်းစားသည့် ဟင်းခတ်အမွှေးအကြိုင်တစ်ခုဖြစ်ရုံသာမက ကင်ဆာမဖြစ်အောင် တားဆီးပေးနိုင်ခြင်း၊ အဆစ်ရောင်ဝေဒနာကိုလျှော့ကျစေခြင်း၊ အရောင်ကျစေခြင်း၊ စိတ်ကျဝေဒနာကိုသက်သာစေခြင်း စသည့် ကျန်းမာရေးကောင်းကျိုးများပေးစွမ်းနိုင်သည်။

### နနွင်းတွင်ပါဝင်သောဓာတ်များနှင့် ပျောက်ကင်းသည့်ရောဂါများ

နနွင်းတွင် Monoterpenes၊ Sequiterpenes၊ Essential Oils (Turmerone, Zingiberene, Cineole) နှင့် Curcumin စသည့်ဓာတ်များနှင့် ဗီတာမင် B6၊ ဗီတာမင်C၊ ပိုတက်ဆီယမ် (K)၊ မဂ္ဂနီဆီယမ် (Mg)၊ ကော့ပါး (Cu)၊ ဇင့်(Zn) စသည့် ဗီတာမင်နှင့် သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သည့်အတွက် ကျန်းမာရေးကို လွန်စွာအထောက်အကူပြုပါသည်။ အဓိကအားဖြင့် နနွင်းမှုန့်ကို အဖျားရောဂါ၊ ငန်းရောဂါ၊ ဝမ်းရောဂါ၊ ရောင်ရမ်းနာကျင်ကိုက်ခဲသောရောဂါ၊ ဆီးအောင့်ဆီးကျောက်တည်ရောဂါ၊ အစာအိမ်ရောဂါ၊ မီးဖွားပြီးနောက် သွေးပုပ်ကျန်သောရောဂါနှင့် မှိုင်းရှူဆေး၊ နှာမှုတ်ဆေးများဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုသည်။ နနွင်းကိုအဆစ်ရောင်ခြင်း၊ ရင်ပူခြင်း၊ အဆစ်ကိုက်ခြင်း၊ အစာအိမ်အောင့်ခြင်း၊ အူလမ်းကြောင်းအနာဖြစ်သည့်ရောဂါ၊ ဝမ်းပျက်ခြင်း၊ လေထိုးလေပွခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ မျက်စိဝါ၊ အသားဝါခြင်း၊ အသည်းရောဂါ၊ အစာအိမ်အနာများ၊ Lichen Planus ခေါ် အရေပြားရောဂါတစ်မျိုး၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ဓာတ်ရောင်ခြည်ကုထုံးကြောင့် အရေပြားရောင်ခြင်း စသည့်ကျန်းမာရေးပြဿနာအမျိုးမျိုးအတွက် အသုံးပြုကြသည်။

ထို့ပြင် ခေါင်းကိုက်ခြင်း၊ လေပြွန်ရောင်ခြင်း၊ အအေးမိဝေဒနာ၊ အဆုတ်ပိုးဝင်ခြင်း၊ တစ်ကိုယ်လုံးနာကျင်ကိုက်ခဲခြင်း၊ အနာကြီးရောဂါ၊ ဖျားနာခြင်း၊ ဓမ္မတာလာစဉ်ဖြစ်တတ်သည့်ဝေဒနာများ၊ အရေပြားယားယံခြင်း၊ ကင်ဆာရောဂါများ၊ ဆီးအိတ်ရောင်ခြင်းနှင့် ကျောက်ကပ်ရောဂါများအတွက်လည်း နနွင်းကိုအသုံးပြုနိုင်သည်။

### နနွင်းတွင်ပါဝင်သည့် Curcumin ဓာတ်၏ အကျိုးကျေးဇူးများ

နနွင်းတွင်ပါဝင်သည့် Curcumin ဓာတ်သည် ဗီတာမင် C နှင့် ဗီတာမင် E ကဲ့သို့ အစွမ်းထက်သောဓာတ်တိုးဆန့်ကျင်အာနိသင် (Antioxidants) ပါရှိသည့်အတွက် အရွယ်တင်နုပျိုစေကာ ကင်ဆာရောဂါများကို တစ်ဖက်တစ်လမ်းမှ ကာကွယ်ပေးသည်။ သုတေသနများအရ Curcumin ဒြပ်ပေါင်းသည် အစာအိမ်မှ အက်စစ်ရည်အထွက်များခြင်းကို လျှော့နည်းသက်သာစေပြီး အစာအိမ်နှင့်အူနံရံအတွင်း မျက်နှာပြင်များကို ကာကွယ်ပေးသည့်အတွက် အက်စစ်ရည်အထွက်များ၍ အစာအိမ်အနာဖြစ်ခြင်းနှင့် အူလမ်းကြောင်းတွင် အနာဖြစ်ခြင်းမှ တားဆီးကာကွယ်ပေးနိုင်သည်။ Curcumin ဒြပ်ပေါင်းသည် အာရုံကြောဆဲလ်များကို တိုးပွားများပြားစေသည့်အတွက် ယခုနောက်ပိုင်းအဖြစ်များလာသည့် စိတ်ဓာတ်ကျရောဂါ (Depression Disease) နှင့် အယ်လ်ဇိုင်းမားရောဂါ(Alzheimer's Disease)တို့ကိုပါ အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးနိုင်သည်။ အထူးသဖြင့် နနွင်းတွင်ပါသည့် Curcumin ဓာတ်သည် ကျန်းမာရေးအတွက် အလွန်အကျိုးများပြီး Curcumin ဓာတ်သည် ရောင်ရမ်းမှုများကို လျော့ပါးသက်သာစေသည့်အစွမ်း (Anti-inflammatory Action) ရှိသောကြောင့် အရိုးအဆစ်များရောင်ရမ်းခြင်း၊ ဒူးနာ၊ ခြေချင်းဝတ်နာခြင်း၊ ဓာတ်မတည့်၍ လေပြွန်ရောင်ခြင်း စသည့်ရောဂါများကို သက်သာစေနိုင်သည်။

### နနွင်း၏သတ္တိများ

မြန်မာ့ဆေးကျမ်းများတွင် နနွင်းသည် ပူ၏။ စပ်ရှားရှားအရသာရှိ၏။ ခါးသက်ပြီး ဆိမ့်သောအရသာအနည်းငယ်ရှိ၏။ ကိုယ်ရေရွှေးစေ၏။ ပူသောဂုဏ်သတ္တိရှိ၏။ လေကိုနိုင်၏။ ဝမ်းမီးကို တောက်စေပြီး အစာမကြေရောဂါကို ပျောက်ကင်းစေတတ်၏ဟူ၍လည်းကောင်း၊ နိဃဏ္ဍုကျမ်းများတွင် နနွင်းသည် စားသုံးသူကိုလှပစေတတ်၏။ စင်ကြယ်စေတတ်၏။ မိန်းမတို့အတွက် ဆေးကောင်းဖြစ်၏။ သည်းခြေ၊ သလိပ်၊ လေများကိုနိုင်၏။ ဆီးရောဂါ၊ အရေပြားရောဂါ၊ အနာပေါက်ရောဂါ၊ ရောင်ခြင်း၊ အသားဝါရောဂါ၊ အဆိပ်သင့်နာ၊ ထိပ်ကပ်နာ၊ နူတ်မမြိန်ရောဂါ၊ အစာမကြေရောဂါတို့ကို ပျောက်ကင်းစေတတ်သည့် စွမ်းရည်သတ္တိများရှိသည်ဟုလည်းကောင်း ဖော်ပြထားပါသည်။

နနွင်းသည် အမျိုးသမီးများ သွေးသားသန့်စင်စေသောဆေးကောင်းဖြစ်သည်။ မီးနေချိန်မှစ၍ သွေးဆုံးချိန်အထိ မိန်းမများအတွက် ဆေးကောင်းဖြစ်သည်။ ယောကျ်ားမှာဆီး၊ မိန်းမမှာမီးဟူသောစကားအတိုင်း မီးယပ်သွေးမှန်ကန်စေသော၊ သွေးသားသန့်စင်စေသောဆေးအဖြစ် နနွင်းကို ရှေးဆရာများအဆက်ဆက်ကတည်းက သုံးစွဲလာခဲ့ကြခြင်းဖြစ်သည်။ နနွင်းသည် ခန္ဓာကိုယ်အတွက်သာမက ဦးနှောက်နှင့်စိတ်ကိုပါ ကျန်းမာစေနိုင်သည့်အတွက် မကြာမကြာ သို့မဟုတ် နေ့စဉ် ဟင်းချက်ရာတွင် မဖြစ်မနေထည့်သွင်း၍ စားပေးသင့်သည်။

### နနွင်းမစားသင့်သောရောဂါများ

သည်းခြေအိတ်တွင် ကျောက်တည်သည့်သူများ၊ သည်းခြေပြွန်ပိတ်သည့်ရောဂါရှိသူများ၊ ကိုယ်ဝန်လနုသောကိုယ်ဝန်ဆောင်များ၊ ကျောက်ကပ်တွင်ကျောက်တည်ရောဂါရှိသူများအနေဖြင့် နနွင်းကို မစားသင့်သကဲ့သို့ ကိုယ်ဝန်ဆောင်မိခင် သို့မဟုတ် ကလေးနို့တိုက်နေသည့် မိခင်တစ်ဦးအနေဖြင့်လည်း မည်သည့်ဆေးကိုမဆို ဆရာဝန်ညွှန်ကြားမှုမပါဘဲ မသောက်သုံးသင့်ပါ။ နနွင်း သို့မဟုတ် တခြားဆေးဝါးများတွင် ပါဝင်သည့်ပစ္စည်းတစ်မျိုးမျိုးနှင့် ဓာတ်မတည့်ခြင်း၊ ရောဂါဝေဒနာတစ်ခုခုခံစားနေရခြင်း၊ အစားအသောက်၊ ဆိုးဆေး၊ တာရှည်ခံဆေး သို့မဟုတ် တိရစ္ဆာန်များနှင့် ဓာတ်မတည့်ခြင်း စသည်တို့ကို သိထားသင့်ပါသည်။

သာမန်ဆေးဝါးများ အသုံးပြုခြင်းထက်စာလျှင် အပင်မှရရှိသည့်ဆေးဝါးများ အသုံးပြုခြင်းသည် ကန့်သတ်ချက်ပိုနည်းသော်လည်း စိတ်ချရမှုအတိုင်းအတာကို အဆုံးအဖြတ်ပေးရန် လေ့လာစမ်းသပ်မှုများ ဆက်လက်ပြုလုပ်ရန် လိုအပ်နေသောကြောင့် ဆေးပင်အသုံးပြုခြင်းမှရရှိလာမည့် ကောင်းကျိုး၊ ဆိုးကျိုးများကို ချိန်ဆနိုင်ရန်အတွက် ဆရာဝန် သို့မဟုတ် ဆေးပင်ပညာရှင်နှင့် တိုင်ပင်ရန်လိုအပ်မည်ဖြစ်သည်။ နနွင်းကို သောက်ဆေး သို့မဟုတ် အရေပြားလိမ်းဆေးအဖြစ် အသုံးပြုနိုင်သည်ဟု ယူဆထားပါသည်။

နနွင်းကို အဆစ်ရောင်ခြင်း၊ ရင်ပူခြင်း၊ အဆစ်ကိုက်ခြင်း၊ အစာအိမ်အောင့်ခြင်း၊ Crohn's ရောဂါ၊ အူလမ်းကြောင်းအနာဖြစ်သည့်ရောဂါ၊ Bypass Surgery ခေါ် ခွဲစိတ်ကုသခြင်းတစ်မျိုး၊ သွေးယိုခြင်း၊ ဝမ်းပျက်ခြင်း၊ လေထိုးလေပွခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ မျက်စိဝါ၊ အသားဝါခြင်း၊ အသည်းရောဂါ၊ Helicobacter Pylori ပိုးကူးစက်ခံရခြင်း၊ အစာအိမ်အနာများ၊ Irritable Bowel Syndrome ခေါ် အူလမ်းကြောင်းရောဂါတစ်မျိုး၊ သည်းခြေအိတ်ရောဂါများ၊ သွေးတွင်းကိုလက်စထရော ပမာဏများပြားခြင်း၊ Lichen Planus ခေါ် အရေပြားရောဂါတစ်မျိုး၊ ဓာတ်ရောင်ခြည်ကုထုံးကြောင့် အရေပြားရောင်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း စသည့်ကျန်းမာရေးပြဿနာအမျိုးမျိုးအတွက် အသုံးပြုကြပါသည်။

အချုပ်ဆိုရသော် တချို့လူများသည် နနွင်းကို နာကျင်မှုဝေဒနာ၊ ပွေး၊ အဆစ်လွဲခြင်း၊ ရောင်ရမ်းခြင်း၊ အညိုမည်းစွဲခြင်း၊ မျှော့တွယ်ခြင်း၊ မျက်စိပိုးဝင်ခြင်း၊ ဝက်ခြံပေါက်ခြင်း၊ အရေပြားရောင်ခြင်း၊ အရေပြားအနာဖြစ်ခြင်း၊ ခံတွင်းထဲအနာပေါက်ခြင်း၊ အနာပိုးဝင်ခြင်းနှင့် သွားဖုံးရောဂါများအတွက် လိမ်းဆေးအဖြစ် အသုံးပြုကြကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။

---

# ကျောက်ပန်းတောင်းမြို့ စံပြရပ်ကွက်အတွင်း လူနေအိမ်များနှင့်စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနနှင့် ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီလ ၉ ရက်က ကျောက်ပန်းတောင်းမြို့ စံပြရပ်ကွက်ရှိ လူနေအိမ်များနှင့် ထူးစက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းသိန်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းမြင့်နှင့် အဖွဲ့ဝင်များသည် စံပြရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်လင်းနှင့်နယ်မြေမှူးများနှင့်အတူ ရပ်ကွက်အတွင်းရှိ လူနေအိမ် ၁၆၀၊ အိမ်ထောင်စု ၁၈၆ စုမှ လူဦးရေ ၇၂၀ ခန့်တို့အား မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးဘေးကာကွယ်ရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် သဲ၊ ရေ၊ လှေကား၊ မီးချိတ်၊ မီးကပ် စသည်များနှင့် မီးဖိုချောင်အတွင်း သန့်ရှင်းစွာထားရှိရေး၊ မီးလောင်လွယ်သည့်ပစ္စည်းများ ဖယ်ရှားရှင်းလင်းရေးတို့ကို အကြံပြုဆွေးနွေးခဲ့ကြပြီး ရပ်ကွက်အတွင်းရှိ မီးသတ်ရေကန်များတွင် ရေလုံလောက်စွာ ဖြည့်တင်းထားမှု ရှိ၊ မရှိတို့ကို စစ်ဆေးကြကြောင်း သိရသည်။

ယင်းနောက် ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ဘူတာရပ်ကွက်ရှိ ထူးစက်သုံးဆီအရောင်းဆိုင်သို့ရောက်ရှိပြီး မီးဘေးကြိုတင်ကာကွယ်ရေး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိနှင့် မီးသတ်ဆေးဘူးများ သက်တမ်းမှန်ကန်မှု ရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

# မိတ္ထီလာပညာရေးဒီဂရီကောလိပ်၏အားကစားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ



**မိတ္ထီလာ ဖေဖော်ဝါရီ ၁၀**

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာပညာရေးဒီဂရီကောလိပ်၏ အားကစားပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၀ ရက် ညနေပိုင်းတွင် ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကျန်စစ်သားအသင်းနှင့် ဘုရင့်နောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘုရင့်နောင်အသင်းက ကျန်စစ်သားအသင်းကိုသုံးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသည်။

ဆက်လက်၍ ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့်စားပွဲတင်တင်းနစ်ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့်ပြိုင်ပွဲဝင်အသင်းများအားဂုဏ်ပြုဆုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ၊ ဆရာအတတ်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါက်တာဇော်မြင့်လေး၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးဒေါ်စုလတ်ထွေးနှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်သည်။

အဆိုပါအားကစားပြိုင်ပွဲများကိုဖေဖော်ဝါရီလ ၅ ရက်မှ ၉ ရက်အထိ ကျင်းပပြီးပြိုင်ပွဲများတွင်အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းဘုရား၊ ဘုရင့်နောင်နှင့်ဗန္ဓုလ စုစုပေါင်းအသင်းငါးသင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(၆၀၂)

# တောင်ကြီးမြို့နယ်၌ ကွန်ပျူတာတက္ကသိုလ် အဝင်ကတ္တရာလမ်းသစ်ဖွင့်လှစ်

**တောင်ကြီး ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် နောက်လေကျေးရွာအုပ်စု၌ ဖေဖော်ဝါရီလ ၁၀ ရက် နံနက် ၈ နာရီတွင် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့်ကွန်ပျူတာတက္ကသိုလ်အဝင်ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးမင်းသန့်က ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် အတွင်းလမ်းတံတားများနှင့် ကတ္တရာလမ်းသစ်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင်ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်နှင့်တာဝန်ရှိသူများက လမ်းသစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအဖွဲ့အား ဂုဏ်ပြုငွေပေးအပ်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ကတ္တရာလမ်းသစ်ဖွင့်ပွဲ အမှတ်တရလက်ဆောင်များပေးအပ်သည်။

ယင်းနောက် တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ကတ္တရာလမ်းသစ်အား လှည့်လည်ကြည့်ရှုကြကြောင်းသိရသည်။ (၄၀၅)

# ကျွန်းလှမြို့နယ်၌ ဂေါ်ဖီထုပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



**ကျွန်းလှ ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးကျွန်းလှမြို့နယ်တွင် ချောင်းရေ၊ မြေအောက်ရေတင်ပြီး ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးကြရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးသော ဂေါ်ဖီထုပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကြောင်းသိရသည်။

"ကျွန်တော်တို့ဒေသမှာ ချောင်းရေတင်စနစ်နဲ့ ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးကြပါတယ်။ ဒီနှစ်ဆောင်းရာသီမှာ ဂေါ်ဖီထုပ် အပင် ၂၀၀၀ စိုက်ပျိုးတယ်။ အခုအခါ ဂေါ်ဖီထုပ်အရွယ်အစားပေါ်မူတည်ပြီး ရောင်းရပါတယ်" ဟု ရှမ်းစုကျေးရွာ မုန်လာထုပ်စိုက်ပျိုးသူ ဦးထွန်းအေးက ပြောသည်။

ကျွန်းလှမြို့နယ်၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုအဖြစ်ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ခရမ်း၊ ခရမ်းချဉ်၊ ကိုက်လန်၊ နံနံပင်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ မုန်ညင်းရွက် စသည့်သီးနှံများစိုက်ပျိုးကြပြီး မိသားစုဝင်ငွေရရှိကြကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကျန်းမာရေးနှင့်ညီညွတ်သောသီးနှံများထွက်ရှိရေး၊ သွင်းအားစုပစ္စည်းများ ကုန်ကျစရိတ်သက်သာစွာ သုံးစွဲနိုင်ရေးအတွက် ဒေသထွက်ပစ္စည်းများဖြင့် သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး၊ ပိုးပြေးဆေးနှင့် အားဆေးပြုလုပ်နည်းများ ကွင်းဆင်းအသိပညာပေးလျက်ရှိသည့်အတွက် ဒေသခံတောင်သူများအနေဖြင့် ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် စနစ်တကျစိုက်ပျိုးကြရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# ပါဝင်ဆင်နွှဲ ပြည့်ဂုဏ်မြှင့်သည့်ပွဲ

* လုပ်ငန်းရှင်များ၊ လှုပ်ရှားတက်ကြွစွာ
ထုတ်ကုန်ပြပွဲ၊ ဆင်နွှဲသည်ချိန်ခါ
တပေါင်းကွင်းမှာ၊ ညီညာစုပေါင်း
ပြပွဲမှာလေ၊ စုံလှပေ
တိုင်းပြေ(ပြည်)စီးပွား ကောင်းသည်နှင့်လေး။

* စီးပွားတိုးကြောင်း၊ ဝယ်ရောင်းလုပ်ငန်းခွင်
အခွင့်အလမ်း၊ မျှော်မှန်းဆောင်ရွက်လျှင်
ထုပ်ပိုးပုံသွင်၊ နှိုင်းယှဉ်တွေးဆ
အရည်အသွေးမှာ၊ ထူးခြားစွာ
စုံစွာတွေ့မြင် ရမည်နှင့်လေး။

* နေရာဒေသ၊ စုံလှများထုတ်ကုန်
ယှဉ်ပြိုင်နေမှု၊ ကြည့်ရှုအဖုံဖုံ
နည်းပညာစုံ၊ ရှိန်ဟုန်မြင့်မား
စီးပွားရေးတွင်၊ ဆန်းသစ်ထွင်
ကြိုတင်ပြင်ဆင် ထားသည်နှင့်လေး။

* နိုင်ငံ့စီးပွား၊ ကြီးမားသည်အချိန်
ဦးဆောင်ဦးရွက်၊ ထက်မြက်သည့်ဂုဏ်ရှိန်
ပြည်ထောင်စုအိမ်၊ ဂုဏ်သိန်ထွန်းတောက်
တိုင်းရင်းသားစုံ၊ နိုင်ငံ့ဂုဏ်
ထုတ်ကုန်များပြား ရောက်သည်နှင့်လေး။

* ဝမ်းမြောက် ကြည်သာစွာ သွားကာကြည့်ကြသည်။
များလှ ပြည်သူမှာ ဝယ်စရာ ရှိတော့သည်။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၂-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြား သတင်း
၃။ ၀၉:၀၀ မြဝတီနေ့စဉ်သတင်း
၄။ ၁၀:၀၀ သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
၅။ ၁၁:၀၀ သီချင်းလက်ဆောင်
၆။ ၁၂:၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၇။ ၁၃:၀၀ တစ်ပတ်အတွင်းထိပ်တန်း ရောက်ကမ္ဘာ့သတင်း
၈။ ၁၄:၀၀ ဝေမျှဆွေးနွေး လူငယ့်အရေး
၉။ ၁၅:၀၀ တစ်ချိန်ကသူတို့အကြောင်း
၁၀။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှား အားကစား
၁၁။ ၁၇:၀၀ မှတ်သားလိုက်နာပုံပမာ
၁၂။ ၁၈:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၁၃။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ
၁၄။ ၁၈:၄၀ မွေးမြူသုတ
၁၅။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း မြန်မာ့မော်ကွန်း အပိုင်း(၂) သရုပ်ဆောင် နေယံ၊ ကျော်ကျော်ပိုင်မှူး၊ သင်းသင်းယုလှိုင်၊ ဟေမာန်အောင်အောင် ဒါရိုက်တာ စင်ရော် မောင်မောင်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်လှစ်ရောင်းချနေမှုနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ စကားသံများ

**(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရုံသာမကဘဲ ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်သည့် အရည်အသွေးပြည့်မီသော အဆင့်မီထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးပြည့်မီသော ပြည်တွင်း MSME ထုတ်ကုန်အသစ်များပေါ်ပေါက်လာစေရေးရည်ရွယ်၍ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏အစီအစဉ်ဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌စတင်ဖွင့်လှစ်ခဲ့ရာ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်လှစ်ရောင်းချနေမှုနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ရပါသည်-**



ဦးသိန်းဆွေ



ဦးဆန်းထွန်းကို



ဒေါ်ရီရီလှိုင်



ဒေါ်ဖြူဖြူသန်း

**ဦးသိန်းဆွေ (ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန)**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲဦးစီးကော်မတီမှာ တွဲဖက်အတွင်းရေးမှူးတာဝန်ထမ်းဆောင်ပြီး ကျင်းပရေးလုပ်ငန်းကော်မတီမှာ အတွင်းရေးမှူးတာဝန်ထမ်းဆောင်နေပါတယ်။ အခုပြပွဲပြိုင်ပွဲက နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်တာဖြစ်ပါတယ်။ အခုလို ပြပွဲပြိုင်ပွဲကို ကျင်းပပေးခြင်းအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ MSME လုပ်ငန်းရှင်များအနေဖြင့် တစ်စုတည်းတစ်ပေါင်းတည်းတွေ့ဆုံကြပြီး လုပ်ငန်းအားနည်းအားသာချက်တွေကိုတစ်ယောက်နှင့်တစ်ယောက် ပြန်လည်ဝေမျှနိုင်တဲ့အတွက် စက်မှုထုတ်ကုန်အရည်အသွေးတိုးတက်ပြီး ပြည်ပပို့ကုန်များအဖြစ်ထုတ်လုပ်နိုင်တဲ့အထိ ရည်ရွယ်မျှော်မှန်းပြီး ကျင်းပပြုလုပ်တာဖြစ်ပါတယ်။ အခုထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ ပြခန်းပေါင်း ၉၆ ခန်းပြသထားပါတယ်။ ဒါ့အပြင် MSME နဲ့ ဆက်စပ်ဝန်ကြီးဌာနပြခန်း ခုနစ်ခန်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပြခန်းပေါင်း ၂၅ ခန်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဒေသထွက်ရိုးရာအစားအစာရောင်းချနေတဲ့ ဆိုင်ခန်းပေါင်း ၂၁ ခန်း၊ ပြင်ပကုမ္ပဏီပြခန်းခြောက်ခန်း၊ အသေးစားစက်မှုလက်မှုထုတ်ကုန်ဆိုင်ခန်းနှင့် သမဝါယမကုန်ထုတ်အသင်းပြခန်း ၂၁ ခန်းနှင့် MSME နဲ့ ဆက်စပ်အသင်းအဖွဲ့များ၏ပြခန်း ၁၆ ခန်းပြသထားပါတယ်။ ဝန်ကြီးဌာနပြခန်းများအနေဖြင့် ထုတ်ကုန်ပေါင်း ၁၀၀၀ ကျော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပြခန်းများမှာလည်း ထုတ်ကုန်ပေါင်း ၃၄၀၀ ကျော်လောက် ခင်းကျင်းပြသထားတဲ့အပြင် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာစားသောက်ဆိုင်များအနေဖြင့် အမယ်ပေါင်း ၄၅၀ ကျော်ကို ခင်းကျင်းပြသထားပြီး ကုမ္ပဏီပြခန်းများအနေဖြင့် ပစ္စည်းအမယ်ပေါင်း ၁၀၀၀ ကျော်ကို ခင်းကျင်းပြသထားပါတယ်။ အသေးစားစက်မှုလက်မှုထုတ်ကုန်ပြခန်းနှင့် သမဝါယမကုန်ထုတ်အသင်းပြခန်းများအနေဖြင့် ပစ္စည်းအမယ်ပေါင်း ၂၂၀၀ ကျော်ကို ခင်းကျင်းပြသထားပြီး MSME နဲ့ ဆက်စပ်အသင်းအဖွဲ့များမှာလည်း ပစ္စည်းအမယ်ပေါင်း ၇၀ ကျော်ကို ခင်းကျင်းပြသထားပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ ပြိုင်ပွဲမှာ ဆိုင်ခန်းပေါင်း ၉၆ ခန်းမှာ ပစ္စည်းအမယ်ပေါင်း ၈၂၀၀ ကျော်လောက် ခင်းကျင်းပြသထားတဲ့အပြင်ဝယ်ယူသူများအနေဖြင့်လည်း လွတ်လပ်စွာဝယ်ယူနိုင်အောင် ဆောင်ရွက်ခင်းကျင်းပြသထားပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ ပြခန်းများအပြင် နိုင်ငံတော်အဆင့်ပြိုင်ပွဲပါရှိတဲ့အတွက်ကြောင့် ဆုရရှိသူများအနေဖြင့် အင်မတန်မှ ဝမ်းမြောက်ဂုဏ်ယူစရာဖြစ်သည့်အပြင် မရရှိသေးသူများအနေဖြင့်လည်း မိမိတို့ကိုယ်တိုင်ကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ဒါမှသာ MSME လုပ်ငန်းများတိုးတက်ဖြစ်ထွန်းလာသည်နှင့်အညီ တိုင်းပြည်၏စီးပွားရေးကဏ္ဍမှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

**ဒေါ်ဖြူဖြူသန်း(ဒုတိယညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန)**

ကရင်ပြည်နယ်ပြခန်းမှာ ခင်းကျင်းပြသထားတာကတော့ လုပ်ငန်းရှင် ၂၅ ဦးရဲ့ ထုတ်ကုန်အမယ် ၇၄ မျိုးမှာ အရေအတွက်ကတော့ ၃၀၀၀ ခန့်ကို ခင်းကျင်းပြသထားပါတယ်။ ဒီလို MSME ပြပွဲတွေကျင်းပပေးတဲ့အတွက် စီးပွားရေးလုပ်ငန်းရှင်တွေအနေဖြင့် ဈေးကွက်တွေရရှိလာမယ်။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်မှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်များနဲ့ဈေးကွက်ချိတ်ဆက်နိုင်မယ့်အပြင် မိမိထုတ်ကုန်ပစ္စည်းများရဲ့ အားနည်းချက်အားသာချက်တွေကို လေ့လာသုံးသပ်နိုင်တဲ့အပြင် ဘဏ်များနဲ့လည်း ချိတ်ဆက်ဆောင်ရွက်မှုလုပ်ငန်းစဉ်များကိုလည်း သိရှိလာနိုင်မှာဖြစ်ပါတယ်။ အခုလို ပြည်ထောင်စုအဆင့် MSME ပြပွဲမှာ ပြခန်းအပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပြိုင်ပွဲများပါရှိရာ ကရင်ပြည်နယ်မှာရှိတဲ့ လုပ်ငန်းရှင်တွေအနေဖြင့် အများကြီးအကျိုးရှိလာနိုင်တဲ့အတွက် နိုင်ငံတော်အနေဖြင့် ပြည်ပထုတ်ကုန်အစားထိုး ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများမှတစ်ဆင့် တိုးတက်မှုတွေ ရရှိလာနိုင်မှာ ဖြစ်ပါတယ်။

**ဒေါ်ရီရီလှိုင် (ညွှန်ကြားရေးမှူး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန)**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှာ ပြခန်းတာဝန်ခံအဖြစ်တာဝန်ယူဆောင်ရွက်ပါတယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှာ မှတ်ပုံတင်ထားတဲ့ လုပ်ငန်းရှင်များရဲ့ထုတ်ကုန်တွေကို အဓိကပြသထားပါတယ်။ ဒီလို MSME ပြပွဲပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် အနယ်နယ်အရပ်ရပ်မှ လုပ်ငန်းရှင်များအနေဖြင့် အချင်းချင်းချိတ်ဆက်မိပြီး ဈေးကွက်တွေကိုလည်း ကျယ်ပြန့်စွာချဲ့ထွင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်၊ ဒီလို ပြပွဲပြိုင်ပွဲတွေကျင်းပပေးခြင်းအားဖြင့် တချို့သောထုတ်ကုန်များအနေဖြင့် ထုတ်ကုန်ပစ္စည်းများကို လူသိများလာပြီး ဈေးကွက်ဝင်ငွေများရရှိလာနိုင်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာနိုင်တဲ့အတွက်ကြောင့် ဒီလိုပြပွဲပြိုင်ပွဲတွေကျင်းပသင့်တယ်လို့ မြင်မိပါတယ်။

**ဦးဆန်းထွန်းကို (တိုင်းဦးစီးမှူး၊ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ ပြိုင်ပွဲ မန္တလေးတိုင်းဒေသကြီး ပြခန်းရဲ့တာဝန်ခံဖြစ်ပါတယ်။ ကျွန်တော်တို့ပြခန်းမှာ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ MSME လုပ်ငန်းရှင် ၇၄ ဦးရဲ့လုပ်ငန်း အမယ်ပေါင်း ၅၆၄ မျိုး ခင်းကျင်းပြသပြီး ပစ္စည်းအရေအတွက်ပေါင်း ၁၈၈၀၀ ကျော်၊ တန်ဖိုးအားဖြင့် ကျပ်သိန်းပေါင်း ၃၀၀၀ ကျော်တန်ဖိုးရှိတဲ့ ထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ပြခန်းမှာ ဒေသထွက်ကုန်ကြမ်းတွေကိုအသုံးပြုပြီး ထုတ်လုပ်ထားတဲ့ ပစ္စည်း ၄၁ မျိုး၊ အမယ်ပေါင်း ၁၀၀၀၀ ခန့်ကို ခင်းကျင်းပြသထားပါတယ်၊ နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်ချက်ကလည်း ကိုယ့်ဒေသမှာထွက်ရှိတဲ့ ကုန်ကြမ်းကိုအခြေပြုပြီး ထုတ်လုပ်တဲ့ကုန်ချောကို အားပေးတာပဲဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် နိုင်ငံတကာအဆင့်ကို ထိုးဖောက်နိုင်တဲ့ Export Quality ရောက်တဲ့အထိ အရည်အသွေးမြင့်ထုတ်ကုန်တွေကို ထုတ်လုပ်နိုင်တဲ့အထိ လမ်းညွှန်မှာကြားခဲ့တာပဲဖြစ်ပါတယ်။ ဥပမာအားဖြင့် Wire Cable ဆိုရင် 33 A 11 တွေအထိ ဆွဲလို့ရတဲ့ Wire Cable အမျိုးအစားတွေကို ပြည်တွင်းမှာ ထုတ်လုပ်နေတာဖြစ်ပါတယ်၊ အလူမီနီယံကုန်ကြမ်းကိုလည်း နိုင်ငံခြားကနေမသွင်းဘဲ ပြည်တွင်းမှာထုတ်လုပ်နိုင်အောင် စတင်ကြိုးပမ်းနေပြီဖြစ်ပါတယ်။ အခုလို ထုတ်ကုန်ပြပွဲကျင်းပပေးခြင်းအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ထုတ်ကုန်တွေကို နည်းပညာ၊ ဈေးကွက်တွေ ဖလှယ်လို့ရပါတယ်။ တစ်ဒေသရဲ့ကုန်ကြမ်းက တစ်ဒေသရဲ့ကုန်ချောလည်း ဖြစ်နိုင်ပါတယ်။ ဒ့ါအပြင် ဒီမှာလာရောက်ပြသတဲ့လုပ်ငန်းရှင်တွေက အရည်အသွေးမီ၊ စံချိန်မီစွာ နိုင်ငံခြားကိုတင်ပို့ရောင်းချနိုင်တဲ့ အခွင့်အလမ်းပဲဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲကြီးကို ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဒီမှာလာရောက်လေ့လာခြင်းအားဖြင့် တစ်နိုင်ငံလုံးမှာရှိတဲ့ ထုတ်ကုန်တွေနှင့် ဒေသထွက်အစားအစာတွေကို တစ်နေရာတည်းမှာတင်ဝယ်ယူစားသုံးနိုင်မှာဖြစ်ပါတယ်၊ ဒါကြောင့် လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြိုင်ပွဲတွင် အသေးစား (Micro) ထုတ်ကုန်ဆု ပထမ၊ ဒုတိယ၊ တတိယဆုသုံးဆု၊ အငယ်စား(Small) ထုတ်ကုန်ဆု ပထမ၊ ဒုတိယ၊ တတိယဆုသုံးဆု၊ အလတ်စား (Medium) ထုတ်ကုန်ဆု၊ ပထမ၊ ဒုတိယ၊ တတိယဆုသုံးဆု၊အသေးစားစက်မှုလက်မှုလုပ်ငန်းမှ (စားသောက်ကုန်၊ လူသုံးကုန်၊ ရက်ကန်းနှင့် လက်မှုထည်) စံပြထုတ်ကုန်ဆုလေးဆု၊ ကုန်ထုတ်သမဝါယမအသင်းစွမ်းဆောင်ရည်ဆု ပထမ၊ ဒုတိယ၊ တတိယဆုသုံးဆုနှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုမှ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) ထုတ်ကုန်အကောင်းဆုံးဆု ၁၅ ဆု စုစုပေါင်း ၃၁ ဆုကို ရွေးချယ်သွားမည်ဖြစ်ပါသည်။ ဆုရရှိသည့် လုပ်ငန်းရှင်များအား ဖေဖော်ဝါရီလ ၁၄ ရက်တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအရှေ့ တပေါင်းကွင်းတွင် ဆုချီးမြှင့်သွားမည်ဖြစ်သည်။

ရွှေဖြိုး(မြဝတီ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းအား စိတ်ပါဝင်စားစွာဖြင့်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချင်းပြည်နယ် MSME ထုတ်ကုန်ပြခန်းတွင် ချင်းတိုင်းရင်းသားရိုးရာချည်ထည်ရက်လုပ်နေမှုအား စိတ်ပါဝင်စားစွာဖြင့်ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Digital Corner နည်းပညာပြခန်းအား စိတ်ပါဝင်စားစွာဖြင့်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းအား စိတ်ပါဝင်စားစွာဖြင့်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြခန်းအား စိတ်ပါဝင်စားစွာဖြင့်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းအား စိတ်ပါဝင်စားစွာဖြင့်ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ် MSME ထုတ်ကုန်ပြခန်းအား စိတ်ပါဝင်စားစွာဖြင့်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကရင်ပြည်နယ် MSME ထုတ်ကုန်ပြခန်းအား စိတ်ပါဝင်စားစွာဖြင့်ကြည့်ရှုအားပေးစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် MSME ထုတ်ကုန်များပြခန်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း MSME ထုတ်ကုန်များပြခန်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ပြခန်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းပြခန်း၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းထုတ်ကုန်ပြပွဲနှင့် အရောင်းပြခန်းတို့အား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုအားပေးပြီး **စာမျက်နှာ ၁၂ သို့** ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းအား စိတ်ပါဝင်စားစွာဖြင့်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် MSME ထုတ်ကုန်ပြခန်းအား စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုအားပေးစဉ်။

★ စာမျက်နှာ ၁၁ မှအဆက်

ထုတ်ကုန်များအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ကုန်ကြမ်းရရှိမှုနှင့်သုံးစွဲမှု၊ ထုတ်ကုန်များထုတ်လုပ်မှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိမှုအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် ပြည်တွင်း၊ ပြည်ပသို့ ပိုမိုတိုးချဲ့ဖြန့်ဖြူးနိုင်မည့်အခြေအနေများနှင့် သိရှိလိုသည်များမေးမြန်းဆွေးနွေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမအသင်းများ၏ပြခန်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၏ MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းပြခန်းများခင်းကျင်းပြသထားမှုများကို ဘာဂီယာဉ်ငယ်များဖြင့် လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်တပေါင်းကွင်း၌ ဖေဖော်ဝါရီလ(၁၀)ရက်မှ (၁၄) ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှုတိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ထုတ်ကုန်ပစ္စည်းများသည် "ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန်"ကို ထုတ်လုပ်သည့်လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု အစီအမံများ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့်ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSME များနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့်အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်းစီးပွားချိတ်ဆက်မှုများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းစုစုပေါင်း (၉၆)ခန်းဖြင့် စည်ကားသိုက်မြိုက်စွာဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ထုတ်ကုန်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် အမျိုးအစားများအလိုက် ဆုအမျိုးအစားပေါင်း (၃၁)မျိုးအပေါ် Digital Trophy၊ ဂုဏ်ပြုလက်မှတ်နှင့် ငွေသားဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး အဆိုပါ ငွေသားဆုအား ချီးမြှင့်ခံရသူမှ Digital Payment System အသုံးပြု၍ လက်ငင်း E-Banking ဖြင့် ငွေသားထုတ်ယူရရှိရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြခန်းအား စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Digital Corner နည်းပညာပြခန်းအား စိတ်ပါဝင်စားစွာဖြင့်ကြည့်ရှုအားပေးစဉ်။

# ပြည့်ဂုဏ်မြင့်မားစေမည့် MSME လုပ်ငန်းများ

မန္တလာကိုကိုဝင်း

MSME ဆိုတဲ့ စာလုံးလေးလေးလုံးကို မြင်လိုက်တာနဲ့ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေရဲ့ ကိုယ်စားပြုအမည်ဆိုတာ လူတိုင်းသိကြပါတယ်။ စီးပွားရေးလုပ်ငန်းတွေတိုးတက်အောင်လုပ်ဆောင်နိုင်မှ အလုပ်လုပ်ကိုင်သူတွေရဲ့ လူမှုစီးပွားရေးတွေတိုးတက်လာမှာပါ။ အလုပ်အကိုင်အခွင့်အလမ်းတွေများပြားလာတာနဲ့အမျှ အလုပ်လက်မဲ့တွေမရှိသလောက်နည်းပါးသွားမှာဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေပေါများလာမယ် လူတိုင်းကိုယ်စီအလုပ်အကိုင်ရှိနေမယ်ဆိုရင် နိုင်ငံ့စီးပွားရေးလည်း တိုးတက်လာမှာအမှန်ဖြစ်ပါတယ်။

စီးပွားရေးတိုးတက်ကောင်းမွန်မှုဆိုတာ လူသားတစ်ဦးချင်းစီအတွက် အလိုအပ်ဆုံးအရာဖြစ်သလို နိုင်ငံတစ်နိုင်ငံအတွက်လည်း အလိုအပ်ဆုံးအရာပဲဖြစ်ပါတယ်။ စီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ နိုင်ငံတော်ရဲ့ နိုင်ငံရေးနဲ့လူမှုရေးအဆင့်အတန်းတွေမြင့်မြင့်မားမားရှိလာမှာဖြစ်ပါတယ်။ ပညာရေးနဲ့ကျန်းမာရေးကဏ္ဍတွေ၊ အားကစားကဏ္ဍတွေတိုးတက်လာမှာအမှန်ဖြစ်ပါတယ်။ MSME လုပ်ငန်းတွေ ထူးခြားထင်ရှားစွာအောင်မြင်လာမယ်ဆိုရင် မြန်မာနိုင်ငံအနေနဲ့လည်း ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်ကနေ ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်ကိုရောက်ရှိသွားမှာဖြစ်ပါတယ်။

ချမ်းသာခြင်းကို လူသားတိုင်းမက်မောကြတဲ့အတွက် ချမ်းသာအောင်လုပ်ကြဖို့လိုအပ်ပါတယ်။ လုပ်ငန်းရှင်တွေ၊ ပညာရှင်တွေနဲ့သက်ဆိုင်သူအားလုံးက မိမိတို့လုပ်ကိုင်နေတဲ့ အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းတွေကို အောင်မြင်အောင်လုပ်ဆောင်မယ်ဆိုတဲ့စိတ်ထားရှိစေချင်ပါတယ်။ အဲဒီစိတ်ထားနဲ့ အလုပ်လုပ်မယ်ဆိုရင် အောင်မြင်မှာမလွဲပါဘူး။ အခက်အခဲဆိုတာနေရာတိုင်းမှာရှိတတ်တာမို့ အခက်အခဲကို ကျော်ဖြတ်ပြီးအောင်မြင်မှုလမ်းကို ရောက်အောင်လျှောက်လှမ်းကြဖို့လိုအပ်ပါတယ်။

လုပ်ငန်းရှင်တွေမှာ ဘာတွေအခက်အခဲရှိနေပါသလဲ။ ရှိနေတဲ့အခက်အခဲတွေကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနတွေကနေအနီးကပ်ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်။ ပြည်ထောင်စုဝန်ကြီးတွေနဲ့မပြီးပြတ်နိုင်သေးဘူးဆိုရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ကိုယ်တိုင်သွားရောက်ပြီး လိုအပ်တာတွေ၊ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးနေပါတယ်။ နိုင်ငံတော်အစိုးရရဲ့ဦးဆောင်ပံ့ပိုးမှုအောက်မှာ MSME လုပ်ငန်းရှင်တွေက တက်တက်ကြွကြွနဲ့ လုပ်ဆောင်ကြဖို့ပဲဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲအနေနဲ့ သွားရောက်ခဲ့တဲ့ခရီးစဉ်နဲ့ပတ်သက်လို့ **"မိမိအနေဖြင့် မကြာသေးမီ ရက်ပိုင်းအတွင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာနှင့် ပြင်ဦးလွင်ဒေသတို့ရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် အားရကျေနပ်ဖွယ်ကောင်းသည်ကို တွေ့ခဲ့ရကြောင်း၊ ထုတ်ကုန်ပစ္စည်းများ**




**ယခင်ထက် ပိုမိုထုတ်လုပ်လာနိုင်သည်ကိုတွေ့ရှိရပြီး ထုပ်ပိုးမှုပိုင်းနှင့် အရည်အသွေးပိုင်းများသည်လည်း ကောင်းမွန်သည်ကိုတွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်းမှရရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ချောပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း"** ပြောကြားခဲ့တာကို မှတ်မိပါသေးတယ်။

မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းများစွမ်းဆောင်မှုအပေါ် နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က ဇန်နဝါရီလ ၁၇ ရက်တွင် ကျင်းပခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှာပြောကြားခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ဂုဏ်ပြုပြောစကားဟာ လုပ်ငန်းလုပ်ဆောင်နေသူများအတွက် တကယ့်ကိုအားရှိစေတဲ့ချီးကျူးစကားဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံတော်ရဲ့ဒေသအနှံ့အပြားမှာရှိကြတဲ့ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME) လုပ်ငန်းတွေကို နိုင်ငံတော်အစိုးရရဲ့ငွေကြေး၊ နည်းပညာနဲ့ အခြားလိုအပ်ချက်တွေကို ပံ့ပိုးကူညီပေးတဲ့အတွက် လုပ်ငန်းများအောင်မြင်မှုရှိနေတယ်လို့သိရှိရပါတယ်။

ဟုတ်မဟုတ်၊ မှန်မမှန်ကိုတော့လာမယ့် ပြည်ထောင်စုနေ့မှာ ပြည်သူတွေမျက်ဝါးထင်ထင် တွေ့မြင်ကြရတော့မှာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲကို နေပြည်တော်ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်းမှာ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ ပြသမှာပါ။ အဲဒီကွင်းထဲမှာ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချတဲ့ဆိုင်ခန်းများ၊ လုပ်ငန်း/ စီးပွားချိတ်ဆက်မှုများ(B2B)၊ နည်းပညာပြခန်းများ၊ ပြင်ပစက်ပစ္စည်းနှင့်ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့်ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းပေါင်း (၉၆) ခန်းပြသမှာဖြစ်ပါတယ်။ အဓိကအားဖြင့် MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲပဲဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ကို ဘက်စုံထောင့်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းလျက်ရှိရာမှာ အဓိကအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလည်း ပါဝင်ပါတယ်။

လုံလောက်စွာထွက်ရှိအောင် ဆောင်ရွက်ကြရပါမယ်။

မြန်မာနိုင်ငံရဲ့ (MSME) ကုန်ထုတ်လုပ်ငန်းများမှာ ၆၅ ရာခိုင်နှုန်းက စားသောက်ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ စားသောက်ကုန်ထုတ်လုပ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်မယ်ဆိုရင်စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေကိုအောင်မြင်အောင်လုပ်ဆောင်ကြဖို့လိုပါတယ်။ အဲဒီလိုလုပ်ဆောင်ခြင်းအားဖြင့် ကုန်ကြမ်းပစ္စည်းတွေထွက်ရှိလာမှာဖြစ်ပါတယ်။ ကုန်ထုတ်လုပ်ငန်းမှန်သမျှအတွက် လိုအပ်တဲ့လျှပ်စစ်မီးရရှိဖို့အတွက်လည်းနေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်ဆောင်ရွက်နိုင်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ကလည်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်

အစားအားဖြင့် အလွန်ပဲများပြားလှပါတယ်၊ ကုန်ထုတ်လုပ်မှုလုပ်ဆောင်မှာလား၊ ဝန်ဆောင်မှုလုပ်ငန်းလုပ်ဆောင်မှာလား စသည်ဖြင့် အရေအတွက်တွေ အများကြီးပါ။ ဒေသတစ်ခုထုတ်ကုန်တစ်မျိုးနဲ့ တွက်ရင်တောင် ထုတ်ကုန်တွေအများကြီး၊ MSME လုပ်ငန်းတွေများပြားပါတယ်။ ဒီလိုလုပ်ငန်းတွေမှာ အလိုအပ်ဆုံးဖြစ်တဲ့ အရင်းအနှီး၊ ငွေကြေးနဲ့မြေနေရာ၊ လျှပ်စစ်ဓာတ်အားစတာတွေကို နိုင်ငံတော်က ပံ့ပိုးလုပ်ဆောင်ပေးနေပါတယ်။ အလားတူ စီးပွားရေးလုပ်ငန်းမှန်သမျှအတွက် မဖြစ်မနေလိုအပ်လှတဲ့ ပညာရှင်တွေကိုလည်း နိုင်ငံတော်အစိုးရက မွေးထုတ်ပေးနေပါပြီ။

လုပ်ငန်းဆောင်တာတိုင်းမှာ ကျွမ်းကျင်ပညာရှင်တွေလိုအပ်ပါတယ်။ ဒါ့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ အနာဂတ်ကိုမျှော်မှန်းပြီး ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးနေတာဖြစ်ပါတယ်။ ဘက်စုံပညာရေးစနစ်မှာ ကျောင်းသား၊ ကျောင်းသူတိုင်း KG+9 အဆင့်အထိမဖြစ်မနေသင်ယူကြရမယ်။ KG+9 ကနေ အခြေခံအထက်တန်းအဆင့်ကို ဆက်လက်လျှောက်လှမ်းမလား သို့တည်းမဟုတ် စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာနဲ့ မွေးမြူရေးအတတ်ပညာလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းမလား နည်းလမ်းလေးလမ်းဖန်တီးပေးထားပါတယ်။ စက်မှု၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလမ်းကြောင်းကတော့ အသက်မွေးဝမ်းကျောင်းပညာကို တိုက်ရိုက်သင်ယူနိုင်တဲ့လမ်းကြောင်းဖြစ်ပါတယ်။

MSME ဆိုတဲ့စီးပွားရေးလုပ်ငန်းတွေ တိုးတက်အောင်မြင်စေချင်လွန်းလို့ နိုင်ငံတော်အစိုးရရဲ့စီမံမှုဖြစ်ပါတယ်၊ ပညာတတ်ပေါများလာတာနဲ့အမျှ စီးပွားရေးလုပ်ငန်း

**❍ နိုင်ငံတော်ရဲ့ဒေသအနှံ့အပြားမှာရှိကြတဲ့ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME) လုပ်ငန်းတွေကို နိုင်ငံတော်အစိုးရရဲ့ငွေကြေး၊ နည်းပညာနဲ့အခြား လိုအပ်ချက်တွေကို ပံ့ပိုးကူညီပေးတဲ့အတွက် လုပ်ငန်းများအောင်မြင်မှုရှိနေ . . .**

**❍ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲကနေတစ်ဆင့် MSME လုပ်ငန်းတွေဟာ နိုင်ငံတော်ရဲ့အမျိုးသားရေးရည်မှန်းချက်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို များစွာအထောက်အကူပြုမှာဖြစ်. . .**

နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်(၃) ရပ်ချမှတ်ထားပါတယ်။အဲဒီသုံးရပ်စလုံးကလည်း MSME လုပ်ငန်းတွေနဲ့ဆက်စပ်နေပါတယ်။ စိုက်ပျိုးမွေးမြူရေးကနေ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေးကို ဦးတည်ပါတယ်။ MSME လုပ်ငန်းများနဲ့ပတ်သက်လို့ ကုန်ကြမ်းပစ္စည်းကအဓိကပါပဲ။ ဒေသတွင်းမှာကုန်ကြမ်းပစ္စည်း

အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပါတယ်။ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စီမံကိန်းများ အောင်မြင်ပြီးစီးပါက လျှပ်စစ်မီးများ လုံလောက်စွာရရှိမှာဖြစ်ပါတယ်။

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME)လုပ်ငန်းတွေဟာ အမျိုး

တွေမှာ လူသားအရင်းအမြစ်တွေတိုးပွားလာမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ စီးပွားရေးဦးတည်ချက်(ခ)မှာ "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာပို့ကုန်ကဏ္ဍမြှင့်တင်ရေး" လို့ဖော်ပြထားပါတယ်။

**စာမျက်နှာ ၁၄ သို့** ◆

**◆ စာမျက်နှာ ၁၃ မှအဆက်**

ပို့ကုန်ကဏ္ဍမြှင့်တင်ဖို့ဆိုရင် ကုန်ထုတ်လုပ်ငန်းမှန်သမျှကထုတ်လုပ်တဲ့ကုန်ပစ္စည်းတွေအရည်အသွေးပြည့်မီဖို့ လိုအပ်ပါတယ်။ ထို့အတူ ထုပ်ပိုးမှုကောင်းဖို့လည်း လိုအပ်ပါတယ်။ လုပ်ငန်းတိုင်းမှာအောင်မြင်မှုရှိစေဖို့ဆိုရင် လုပ်ငန်းရှင်ရော လုပ်သားများအားလုံးကပါ မိမိတို့လုပ်ငန်းအပေါ် One Region One Product ဖြစ်အောင်စေတနာထားပြီး လုပ်ဆောင်ကြဖို့လိုအပ်ပါတယ်။ ဒီလုပ်ငန်းကြောင့် ငါတို့ရဲ့လူမှုစီးပွားဘဝအဆင်ပြေနေတာမို့ ဒီလုပ်ငန်းကြီးရဲ့အရှိန်အဟုန်ပိုမိုတိုးတက်မြင့်မားအောင်လုပ်ဆောင်ကြမယ်ဆိုတဲ့ စိတ်ထားဟာ အောင်မြင်မှုလမ်းကြောင်းပါပဲ။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲကနေတစ်ဆင့် MSME လုပ်ငန်းတွေဟာ နိုင်ငံတော်ရဲ့ အမျိုးသားရေးရည်မှန်းချက်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကိုများစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ One Region One Product သို့မဟုတ် One Village One Product ဖြစ်ရေးကအဓိကထားဆောင်ရွက်နေတာမို့ ဒီပြပွဲပြိုင်ပွဲမှာ ဒေသတစ်ခုက ထွက်ကုန်တစ်ခုဟာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ပြောရမယ်ဆိုရင် ဧရာဝတီတိုင်းဒေသကြီးကထွက်ကုန်နဲ့ ရှမ်းပြည်နယ်က ထွက်ကုန်မတူတဲ့အတွက် ပြည်သူတွေအနေနဲ့ ဗဟုသုတတိုးပွားသလို စိတ်ဝင်စားဖွယ်ထုတ်ကုန်မျိုးစုံတွေ့ရမှာပါ။

ပိုပြီးစိတ်ဝင်စားဖို့ ကောင်းတာကလုပ်ငန်းရှင်တွေအနေနဲ့ ဝန်ကြီးဌာနတွေနဲ့ နီးကပ်စွာချိတ်ဆက်နိုင်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်တွေကို ပိုမိုချိတ်ဆက်နိုင်မှာဖြစ်ပါတယ်။ MSME လုပ်ငန်းတွေမှာအသုံးပြုနေတဲ့ ကုန်ကြမ်းတွေကလည်း မိမိတို့နဲ့နီးစပ်တဲ့ ဒေသကနေရရှိနိုင်တဲ့အခွင့်အလမ်းတွေကို သိမြင်လာမှာဖြစ်ပါတယ်။ MSME လုပ်ငန်းမှာ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဝန်ဆောင်မှုပြုလုပ်ခြင်းနဲ့ အခြားလုပ်ငန်းရပ်များဆိုပြီး ကဏ္ဍလေးခုရှိရာမှာတစ်ခုနဲ့တစ်ခု ဆက်စပ်လျက်ရှိပါတယ်။ တူညီစွာလည်ပတ်မှုရှိနေဖို့ကုန်ထုတ်လုပ်ငန်းတွေကို တစိုက်မတ်မတ်လုပ်ဆောင်နေကြရမှာဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး (MSME) လုပ်ငန်းတွေကိုအစဉ်တစိုက်အားပေးမြှင့်တင်ပြီး လိုအပ်တာတွေ ဖြည့်ဆည်းအားပေးဆောင်ရွက်နေတာဟာ တိုင်းပြည်ရဲ့စီးပွားရေးမြှင့်တင်ဖို့၊ ပြည်ပသွင်းကုန်များအစားထိုးဖို့၊ ပြည်ပကိုမိမိတို့ ပြည်တွင်းက ထုတ်ကုန်တွေတင်ပို့နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ဆောင်ရွက်နေတာဖြစ်ပါတယ်။ (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ MSME ပြပွဲ၊ ပြိုင်ပွဲကို ပြည်ထောင်စုအဆင့် ကျင်းပတာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်ပြပွဲနှင့် ပြိုင်ပွဲဖြစ်တာနဲ့အညီ နေပြည်တော်အပါအဝင်တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုတို့ကဒေသထုတ်ကုန်တွေကို တစ်နေရာတည်းမှာ ဝယ်ယူအားပေးနိုင်တဲ့အခွင့်အရေးပါပဲ။ “ပစ္စည်းချင်းတူရင် ဈေးနှုန်းသက်သာရမယ်။ ဈေးနှုန်းချင်းတူရင်အရည်အသွေးပိုကောင်းရမယ်” ဆိုတဲ့ နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်ချက်နဲ့အညီ ထုတ်လုပ်ခင်းကျင်းရောင်းချမှာဖြစ်ပါတယ်။ MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲကိုလာရောက်လေ့လာဝယ်ယူသူတွေအတွက် ရေ၊ လျှပ်စစ်မီး၊ သန့်ရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစတဲ့ လိုအပ်ချက်တွေအားလုံးကိုဖြည့်ဆည်းပေးထားပြီး သက်သောင့်သက်သာအဆင်ပြေအောင် စီစဉ်ပေးထားကြောင်းလည်း သိရှိရပါတယ်။ အဲဒီပွဲတော်ကတစ်ဆင့်ထွက်ရှိလာမယ့်အဆင့်မြင့်ထုတ်ကုန်ပစ္စည်းအမယ်သစ်များ၊ အရည်အသွေးမီကုန်ပစ္စည်းများကို ပြည်ပသို့ပို့ဆောင်ခြင်းဖြင့် နိုင်ငံခြား ဝင်ငွေတွေရရှိလာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် **ပြည့်ဂုဏ်မြင့်မားစေမည့် MSME လုပ်ငန်းများ**ကို အရည်အသွေးမီမီအဆင့်အတန်းမြင့်မြင့်ထုတ်လုပ်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါတယ်။ ။

**စာမျက်နှာ ၁၅ မှအဆက်**

စည်ကားလျက်ရှိကာ နည်းပညာပြခန်းများ၊ စက်ပစ္စည်းများနှင့်ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၌လည်း စိတ်ဝင်တစားကြည့်ရှုလေ့လာကြရာ ဒေသအလိုက် ဆောင်ရွက်နေသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အားပေးမြှင့်တင်ပေးရာရောက်သည့် မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ထို့အတူ ပြပွဲသို့ လာရောက်လေ့လာကြသည့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များနှင့် စိတ်ဝင်စားကြသည့် ပြည်သူများအတွက်လည်း နောက်ဆုံးပေါ် တီထွင်ဆန်းသစ်မှုနည်းပညာများနှင့် အရည်အသွေးမြင့်စက်ယန္တရားများ၏ ထူးခြားသာလွန်သောစွမ်းဆောင်ရည်များ၊ နိုင်ငံတကာအဆင့်မီစက်ယန္တရားများ၊ ဝယ်ယူမှု၊ တပ်ဆင်မှုအကြောင်းအရာများနှင့် ဈေးကွက်စီးပွားရေး လိုအပ်ချက်များကို အနာဂတ်နည်းပညာများအသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်ဗဟုသုတအကြောင်းအရာများကိုလည်း ပြခန်းများအလိုက် ကျွမ်းကျင်ဝန်ထမ်းများက ခင်းကျင်းပြသထားသည့် စက်ယန္တရားများဖြင့် လက်တွေ့သရုပ်ပြရှင်းလင်းဆွေးနွေးပေးကြရာ မြန်မာနိုင်ငံ၏ အနာဂတ် စက်မှုနည်းပညာကဏ္ဍကို တစ်ခေတ်ဆန်းသစ်ပေးတော့မည့် မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ် တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့်ဇာတိမာန်တက်ကြွစေမည့်တေးသီချင်းများဖြင့်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖျော်ဖြေကြရာ ပြည်သူများပျော်ရွှင်စွာတစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ပြပွဲကြီးသို့ လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာမဖြစ်ပေါ်စေရန် အတွက် တာဝန်ရှိသူများက စနစ်တကျ လုံခြုံရေး စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန် အတွက် ပွဲတော်သို့လာသည့်လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးဆေးပေးခန်းများဖွင့်လှစ်ထားရှိသည်ကိုလည်းတွေ့ရှိရသည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်/အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ထုတ်ကုန်ပစ္စည်းများသည် “ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန်” ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဆောင်ရွက်နေသည့် ဒေသတစ်ခုထုတ်ကုန်တစ်ခု အစီအမံများအောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSME များနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့်အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါ ပြပွဲနှင့်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချသည့်ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့်ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး မိဘပြည်သူများ (အခမဲ့) လာရောက်အားပေးလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်း– အောင်ရဲသွင်၊ အေးအေးသန့်၊ ဂျိုင်းလော**

**ဓာတ်ပုံ – ကိုကြီးထိန်၊ ဂျိုင်းလော**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေ

ငဖဲ ဖေဖော်ဝါရီ ၁၀

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဖေဖော်ဝါရီလ ၁၀ ရက် နံနက်ပိုင်းတွင် ငဖဲမြို့အခြေခံပညာ အထက်တန်းကျောင်း၌ ဖြန့်ဝေပေးကြောင်းသိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ယုယုသိန်းက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသိကောင်းစရာများကို အသိပညာပေးဆွေးနွေးပြောကြားပြီး (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းနှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေပေးသည်။

အဆိုပါ သတင်းစကားလက်ကမ်းစာစောင်တွင် စည်းလုံးခြင်းအင်အား တိုင်းပြည်အကျိုးစီးပွား(ဆောင်းပါး)၊ ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်၊ ဘိုမှူး(ရွှေဘို)ရေးသားသည့် ပြည်ထောင်စုကိုကာကွယ်စို့(ကဗျာ)၊ ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့ကြသူများ၊ ပြည်ထောင်စုနေ့ ဆောင်ပုဒ်များ၊ ဓာတ်ပုံနှင့်သရုပ်ဖော်ရုပ်ပြများပါဝင်ကြောင်း သိရသည်။

**မယု(ငဖဲ)**

# ချောင်းဆုံမြို့နယ်၌ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ချောင်းဆုံ ဖေဖော်ဝါရီ ၁၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ သိရှိနားလည်နိုင်ရန်နှင့်အသိပညာဗဟုသုတတိုးပွားလာစေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဖေဖော်ဝါရီလ ၁၀ ရက် နံနက်ပိုင်းတွင် (မုရစ်ကလေး) အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၌ အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မူလွန်ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများ၊ တိုင်းရင်းသားခေါင်းဆောင်ကြီးများ လွတ်လပ်ရေးရရှိအောင်ကြိုးပမ်းခဲ့ကြပုံများနှင့် စာအုပ်စာပေမှရရှိမည့် အသိပညာဗဟုသုတများအကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်အားကစားမှူးက ကိုယ်လက်လှုပ်ရှားအားကစားနည်းများ ပြသခြင်းနှင့်ကျောင်းသား၊ ကျောင်းသူများ၏ သိလိုသည်များကို ပြန်လည်ဖြေကြားပေးခြင်းနှင့်ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်ကြီးများ၏ သမိုင်းဝင်စည်းရုံးရေးခရီးစဉ်မှတ်တမ်းဓာတ်ပုံများကိုပြသကြောင်း သိရသည်။

**ကျော်ကျော်အောင်**

**■ ကျောဖုံးမှအဆက်**

Star FM တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: Radio App: နှင့် Online Media တို့မှလည်းကောင်း တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုဖျော်ဖြေပွဲကို ယင်းနေ့ ည(၆)နာရီမှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြားတိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း MRTV NRC နှင့် MRTV Parliament Channel တို့မှ တိုက်ရိုက်(Live )ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ပြီး MRTV HD မှ ည(၈)နာရီသတင်းများအပြီးတွင် ပြန်လည်ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည်။ (၅၀၀)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲသို့ အများပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲ









**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍နေပြည်တော်ဥပ္ပါတသန္တိစေတီတော် အနီးရှိ တပေါင်းကွင်း၌ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်လာရောက်လေ့လာကြည့်ရှု ဝယ်ယူကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာတိုင်းရင်းသား ရိုးရာပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တိုင်းရင်းသားအဖွဲ့များက ရင်းနှီးနွေးထွေးစွာကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အထင်ကရနေရာများ၊ ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များနှင့်ဒေသအလိုက်ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များအကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ကျောင်းသား၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။



ထို့ပြင် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ MSME ထုတ်ကုန်များနှင့် ရိုးရာအစားအစာပြခန်းအသီးသီး၌လည်း ဒေသအလိုက်ထွက်ရှိသည့် ရိုးရာအစားအစာများ၊ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများ၊ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပသို့တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များအကြောင်းကို ပွဲတော်လာပြည်သူများ ဗဟုသုတအဖြစ် သိရှိစေနိုင်ရေးအတွက် အသေးစိတ် ခင်းကျင်းပြသထားသည်ကိုလည်း တွေ့မြင်ရသည်။



အဆိုပါ ပြခန်းများ၌လည်း မိမိတို့ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့်တေးသီချင်းများနှင့် မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့်သီချင်းများ ဖွင့်လှစ်ဖျော်ဖြေတင်ဆက်ပေးကြရာ ပွဲတော်လာပြည်သူများအနေဖြင့်တောင်ပေါ် မြေပြန့်မခွဲခြားဘဲ စည်းလုံးညီညွတ်သည့်သွေးချင်းညီအစ်ကိုစိတ်ဓာတ်များ ခံစားရရှိစေခဲ့ပြီး ပြည်ထောင်စု၏ အနှစ်သာရကိုလည်း ပိုမိုပေါ်လွင်စေခဲ့သည်။

အလားတူ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် ရိုးရာအစားအစာများ၊တိုင်းရင်းသားရိုးရာအမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူများစိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပြီး ချစ်ခင်နှစ်သက်မြတ်နိုးစွာ ဝယ်ယူကြသူများဖြင့်လည်း **စာမျက်နှာ ၁၄ သို့** ⧉




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှအဆက်

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ MSME အေဂျင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်တို့နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ဂုဏ်ပြုတေးသီချင်းဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည်အဖွဲ့ဝင်များနှင့်အတူ စက်မှုဝန်ကြီးဌာနပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြခန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပြခန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြခန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာနပြခန်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် MSME ထုတ်ကုန်ပြခန်း၊ ကချင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ကယားပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ကရင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ချင်းပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ တနင်္သာရီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ ပဲခူးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ မကွေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ မွန်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ရခိုင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ရန်ကုန်တိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ ရှမ်းပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ဧရာဝတီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတို့အား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြခန်းအား စိတ်ပါဝင်စားစွာဖြင့်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်မှုဝန်ကြီးဌာနပြခန်းအား စိတ်ပါဝင်စားစွာဖြင့်ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနေ့အထိမ်းအမှတ်MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားဂုဏ်ပြုတေးသီချင်းဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်နေမှုကိုကြည့်ရှုအားပေးစဉ်။

လိုက်လံကြည့်ရှုပြီး ထုတ်ကုန်များအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ကုန်ကြမ်းရရှိမှုနှင့် သုံးစွဲမှု၊ ထုတ်ကုန်များထုတ်လုပ်မှု၊ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရရှိမှုအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် ပြည်တွင်း၊ ပြည်ပသို့ ပိုမိုတိုးချဲ့ဖြန့်ဖြူးနိုင်မည့် အခြေအနေများနှင့် သိရှိလိုသည်များမေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ကြည့်ရှုမှုများကို ခေတ္တရပ်နားခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ထုတ်ကုန်ပြခန်း၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုပြခန်း (Business Matching Hall )၊ မြန်မာနိုင်ငံဘဏ်များအသင်းပြခန်း၊ Digital Corner နည်းပညာပြခန်း၊ **စာမျက်နှာ ၁၁ သို့** ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းအား စိတ်ပါဝင်စားစွာဖြင့်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းပြခန်းအား စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကချင်ပြည်နယ် MSME ထုတ်ကုန်ပြခန်းအား စိတ်ပါဝင်စားစွာဖြင့်ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ် MSME ထုတ်ကုန်ပြခန်းအား စိတ်ပါဝင်စားစွာဖြင့်ကြည့်ရှုအားပေးစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends inauguration ceremony of union-level MSME products fair and competition



Senior General Min Aung Hlaing inspects an exhibition booth at MSME product exhibition and competition.



Senior General Min Aung Hlaing inspects an exhibition booth at MSME product exhibition and competition.

NAY PYI TAW February 10

Inauguration ceremony of union-level MSME products fair and competition was held at Taboung grounds, Uppatasanti Pagoda here this morning, formally opened by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present at the ceremony with the Senior General were Chairman of MSME Development Work Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, SAC Joint Secretary General Ye Win Oo, SAC members and wives, union ministers and wives, union level dignitaries and wives, region/state chief ministers and wives, senior military officers from the Office of the Commander-in-Chief and wives, deputy ministers, MSME agency chairs from regions and states and officials, officials of associations, exhibition in-charges, heads of department, ethnic cultural

See Page - 21 ●●



Senior General Min Aung Hlaing inspects an exhibition booth at MSME product exhibition and competition.



Senior General Min Aung Hlaing inspects an exhibition booth at MSME product exhibition and competition.



Senior General Min Aung Hlaing inspects an exhibition booth at MSME product exhibition and competition.



Senior General Min Aung Hlaing inspects an exhibition booth at MSME product exhibition and competition.



Senior General Min Aung Hlaing inspects an exhibition booth at MSME product exhibition and competition.

●● From Page - 21

take place from February 10 to 14 at Tabaung grounds, located south of Uppatasanti Pagoda in Nay Pyi Taw. To enhance cooperation among MSMEs across regions and states, ensure inter-regional support within the production chain, identify strengths and weaknesses, and encourage manufacturers to align with the principle of "the same price, the better the product; the same product, the better the quality," while also promoting the success of 'One Region One Product' initiatives. Additionally, to continuously enhance the products and services of MSMEs while increasing domestic consumption of new value-added products as a substitute for foreign imports. Furthermore, to expand markets abroad and strengthen connections and collaboration between MSMEs, domestic stakeholders, and foreign investors more effectively and to present MSME Model Product Awards recognized at the Union level and to provide support for the long-term sustainability of MSME businesses. These objectives serve as the core goals of the event. A total of 96 exhibitions, including Ministry exhibitions, Region/State exhibitions, ethnic traditional food stalls, business and economic linkages exhibitions, technology exhibitions, foreign equipment and product exhibitions, and small-scale industrial and manufacturing cooperative exhibitions, are open and selling. It is reported that 31 categories of awards will be presented in the product competitions, including digital trophies, certificates of honor, and cash prizes. The winners will have the opportunity to withdraw their cash prizes instantly through e-banking using the digital payment system. **100**



The opening ceremony of the MSME products exhibition and competition in progress.



The opening ceremony of the MSME products exhibition and competition in progress.

# Shwebo District completes harvesting of more than 1,000 acres of sunflower

SHWEBO February 10

Local farmers are reaping 1,074 acres of sunflowers in Shwebo District of Sagaing Region, according to the statistics of Shwebo District Agriculture Department.

The district has planted 1,117 acres of sunflower in monsoon of this year. Starting from August 2024, they harvest sunflower, and so far, they have reaped 1,074 acres of sunflower, yielding 24.09 baskets per acre.

Daw Zar Zar Min, Assistant Director of Shwebo District Agriculture Department, disclosed: "Shwebo District could plant 1,117 acres of sunflowers as monsoon crops this year. Now, farmers are harvesting these plantations. Now, they have harvested 1,074 acres of sunflower. Cultivation of sunflower aims to reduce import of palm oil abroad. Sunflower can yield larger volume of oil than groundnut and sesame."

In Shwebo District, Shwebo Township harvested 53 acres of sunflower, KhinU Township 784 acres, Wetlet Township 201 acres and Kyaukmyaung 36 acres, totalling 1,074.

Relevant Township Agriculture Departments conduct farmer awareness for enhancement of capacity of local farmers and agricultural staff to grow sunflowers in the respective townships.

This year, local authorities arranged supply of quality sunflower seeds and urea fertilizers to local farmers. **SMK**

# Myanmar plans to export freshwater fish to Saudi Arabia

YANGON February 10

The Department of Fisheries and the Myanmar Fisheries Federation (MFF) plan to export Myanmar's freshwater fish to Saudi Arabia," said U Nyunt Win, director of the Department of Fisheries.

"The department and the federation have been working together to ship freshwater fish like rohu, Catla (carp) produced from fish farms to the markets of Saudi Arabia through legitimate trade," he elaborated.

The department has been striving for sustainable fishery export and meeting the demand and requirements of the purchasing countries depending on the condition of the fishery market, along with the exporters in the supply chain. Myanmar makes efforts to meet import criteria of the strict customs rules of foreign customers like China. Myanmar exports seafood to Japan, Middle East countries, European Union members, Malaysia, Chinese Taipei and Australia. The department has been joining hands with MFF to bolster fishery exports.

**SMK**

# 21 more Chinese nationals involved in illegal online gambling and financial fraud apprehended in Mongha region, Mongyai Township, northern Shan State

NAY PYI TAW February 10

Authorities have been conducting screenings and investigations into foreign nationals illegally entering Myanmar. It has been discovered that the majority of these individuals enter Myanmar through neighboring countries, aiming to work illegally for their personal gain.

The government, in collaboration with region and state authorities, security forces, and joint task groups, has been actively and rigorously investigating, uncovering, and arresting individuals involved in illegal online gambling, financial fraud, and other criminal activities.

As part of these ongoing efforts, on February 9, in the Mongha region of Mongyai Township in northern Shan State, 21 Chinese nationals engaged in illegal online gambling and financial fraud were arrested. Necessary investigations are being conducted, and legal procedures will be followed accordingly.

From February 5 to February 9, in the aforementioned region, a total of 102 individuals were arrested for involvement in illegal online gambling and financial fraud. This includes 5 security personnel, 48 Chinese male nationals and 2 female nationals, 18 Vietnamese females, 5 Myanmar males, and 29 Myanmar females. Additionally, 260 various types of phones, 25 laptops, 21 desktops, 28 keyboards, 2 WiFi devices, 7 Starlink units, 7 various weapons, 72 computers, 5 gaming machines, 3 various vehicles, and related accessories were seized.


The arrested individuals are currently under investigation. Legal actions will be pursued in accordance with the law, and efforts are being made to repatriate foreign nationals to their respective countries, guided by humanitarian considerations and international friendship.

The government is collaborating with neighboring countries and international organizations to rigorously investigate and decisively take action against those involved in illegal online gambling, financial fraud, and other criminal activities.

**100**



Scene of individuals involved in illegal online gambling and financial fraud being further uncovered and arrested on February 9.




Map showing the location where individuals involved in illegal online gambling and financial fraud were further uncovered and arrested in the Mongha region of Mongyai Township.

# Shwebo Township finishes cultivation of more than 4,000 acres of vegetables this cold season

SHWEBO February 10

A total of 4,535 acres of vegetables have been planted in Shwebo Township of Sagaing Region this cold season, according to the Shwebo Township Agriculture Department.

Local authorities plan to grow 4,586 acres of vegetables in the township as cold season crops in 2024-2025 winter but farmers planted 4,535 acres of crops against the target cultivation.

U Hsan Oo, Head of Shwebo Township Agriculture Department, disclosed: "Farmers finished cultivation of 4,535 acres of vegetables. They grow chilli, cabbage, mustard, potato, spicy, eggplant, cauliflower, cucumber, tomato, coriander and other crops. Our department helped local farmers grow the crops in GAP system, urging them to produce healthy crops with least chemical residue with technical assistance."

Officials of the Shwebo Township Agriculture Department conducted training courses for enhancement of capacity of farmers to successfully grow vegetables and produce healthy crops with more plans to expand sown acreage of crops.

Currently, vegetable plantations are thriving in Shwebo Township. Farmers cultivate seasonal vegetables yearly. Hence, they can earn increased incomes for their families. Meanwhile, officials of the Township Agriculture Department urged local farmers to apply correct agricultural techniques, prevent pests and make natural fertilizers and pesticides with the use of domestic raw materials so as to cut agricultural cost.

**SK**

# Farmers finish cultivation of sunflower in Phaungpyin Township

PHAUNGPYIN February 10

Local farmers have planted 813 acres of sunflower as cold season crops in Phaungpyin Township of Sagaing Region, according to Mawlaik District Department of Agriculture.

Local administrative authorities earmarked 2,436 acres of cold season sunflower in Phaungpyin Township in 2024-2025 cold season.

Daw Kywe Kywe Hlaing, Head of Mawlaik District Agriculture Department commented: "Authorities earmarked cultivation of more than 2,000 acres of sunflower in Phaungpyin Township this year. Farmers have planted 813 acres of sunflower with more efforts to meet the target. Growing sunflower aims to reduce import cooking oil abroad. Yield of oil from sunflower is more than groundnut and sesame. Farmers prefer to grow sunflower in winter."

Officials of Phaungpyin Township Agriculture Department conducted training courses for local farmers and agricultural staff to enhance their capacity for growing sunflower in the township.

Township authorities provide quality seeds of sunflower and urea fertilizers at fair prices to local farmers.

**SK**



Senior General Min Aung Hlaing inspects an exhibition booth at MSME product exhibition and competition.



Senior General Min Aung Hlaing inspects an exhibition booth at MSME product exhibition and competition.

●● From Page - 18

dance troupes and local people.

Vice-Senior General Soe Win, union ministers U Win Shein, U Min Naung, U Hla Moe, Dr Charlie Than, Dr Myo Thein Kyaw and Nay Pyi Taw Council Chair U Than Tun Oo formally opened the fair.

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing formally inaugurated the fair by pushing a button.

The Senior General and attendees enjoyed the dance and song staged by ethnic cultural dance troupes in honor of 78th Anniversary Union Day commemorative MSME products fair and competition.

After the opening ceremony, the Senior General, accompanied by the entourage, visited the booths of Industry Ministry, Agriculture, Livestock and Irrigation Ministry, Cooperatives and Rural Development Ministry, Natural Resources and Environmental Conservation Ministry, Commerce Ministry, Science and Technology Ministry, Health Ministry, MSME booths of Union Territory Nay Pyi Taw, Kachin State, Kayah State, Kayin State, Chin State, Sagaing Region, Taninthayi Region, Bago Region, Magway Region, Mon State, Rakhine State, Yangon Region, Shan State, and Ayeyawady Region, exhibition wise with keen interest. The Senior General inquired about the product-wise operations, raw material supply and demand, goods manufacturing, available export markets, requirements, and extension of internal and external distribution, and looked into the requirements through coordination with officials.

Later, the Senior General and members visited and encouraged the Mandalay Region MSME Product Exhibition, Business and Economic Linkages Exhibition, Myanmar Banks Association Exhibition, Digital Corner Technology Exhibition, Myanmar Economic Holdings Limited MSME Products Exhibition, Myanmar Economic Corporation MSME Products Exhibition, Union of Myanmar Federation of Chambers of Commerce and Industry Exhibition, Myanmar Traditional Medicine Manufacturers and Medical Equipment Manufacturers Association Exhibition, and Myanmar Oil Millers Association product exhibition with great interest this afternoon. The Senior General inquired about the product-wise operations, raw material supply and demand, goods manufacturing, available export markets, requirements, and extension of internal and external distribution, and looked into the requirements.

The Senior General and party then looked around the booths that were displaying the products of small industries and production cooperative societies, MSME products of private organizations in buggies.

The Union-level MSME Products Fair and Competition will

See Page - 19 ●●



Senior General Min Aung Hlaing inspects an exhibition booth at MSME product exhibition and competition.



Senior General Min Aung Hlaing inspects an exhibition booth at MSME product exhibition and competition.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄-၂၀၂၅ တက္ကသိုလ်ပညာသင်နှစ် တက္ကသိုလ်များ(နေပြည်တော်)တပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အခြေခံစစ်ပညာသင်တန်းနှင့်တန်းမြင့်စစ်ပညာသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

❍ ကျောဖုံးမှအဆက်

တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းဖွင့်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့တွင်လည်းကောင်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တွင်လည်းကောင်း နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ သင်တန်းတာဝန်ခံအရာရှိများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းမှူးများနှင့် တာဝန်ရှိသူက အဖွင့်အမှာစကားများ အသီးသီး ပြောကြားကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိတက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသား/ကျောင်းသူများ၏ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် အားကစားပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။

ယခုဖွင့်လှစ်သော သင်တန်းများအနေဖြင့် ပထမနှစ် အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ်အခြေခံစစ်ပညာသင်တန်း၊ ပထမနှစ်တန်းမြင့်စစ်ပညာသင်တန်းနှင့် ဒုတိယနှစ်တန်းမြင့်စစ်ပညာသင်တန်းတို့ဖြစ်ပြီး သာမန်သင်တန်းချိန်နှင့် စခန်းချလေ့ကျင့်ချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄-၂၀၂၅ တက္ကသိုလ်ပညာသင်နှစ် တက္ကသိုလ်များ(ရန်ကုန်)တပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အခြေခံစစ်ပညာသင်တန်းနှင့်တန်းမြင့်စစ်ပညာသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄-၂၀၂၅ တက္ကသိုလ်ပညာသင်နှစ် တက္ကသိုလ်များ(တောင်ငူ)တပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အခြေခံစစ်ပညာသင်တန်းနှင့်တန်းမြင့်စစ်ပညာသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄-၂၀၂၅ တက္ကသိုလ်ပညာသင်နှစ် တက္ကသိုလ်များ(မော်လမြိုင်)တပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။


# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။




တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဖေဖော်ဝါရီ ၁၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၇ ရက်**တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၀၃၆၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၈)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၈၇၈၂၀၆၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၇၀၈၅၆၆၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၇ ရက်**တွင် မအူပင်ခရိုင်နှင့် မြောင်းမြခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ်(သုည ဒသမ ၈၉၈)တန်၊ အခြားသစ် (၂ဒသမ ၈၁၂)တန်နှင့်သစ်စက်ဆက်စပ်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၈၁၀၁)ကို သစ်တောဥပဒေအရလည်းကောင်း၊ **ဖေဖော်ဝါရီလ ၈ ရက်**တွင်ဝါးခယ်မမြို့နယ်၊မော်ကျွန်း-ဝါးခယ်မလမ်းဆုံ၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၈၁၀၁)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၈ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့၊စက်မှုဇုန်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၃၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက် ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးတရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာကော့သောင်း မြို့၊ ရွှေဟင်္သာရပ်ကွက်၊ ရွာမလမ်း၊ အမှတ် (4A, 45-1)ရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (**ခန့်မှန်းတန်ဖိုးငွေကျပ်၁၁၈၀၀၀၀၀**) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၁၀ ရက်**တွင် ပဲခူးတိုင်း ဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင် ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၁၂၀)တန်၊ သစ်မာ (၂ဒသမ ၀၂၇) တန်၊ အခြားသစ်(သုည ဒသမ ၈၅၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၃၆၃၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူး ခရိုင်၊ ဝေါမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကိုပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၂၃၆၃၀)**ကို ဖမ်းဆီးအရေးယူဆောင် ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးတရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေမဲ ဆိပ်ကမ်း၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ် (၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၈၄၁၉၂၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် M.V Shwe Nadi ရေယာဉ် (၁)စင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၆၈၄၁၉၂၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၇ ရက်၊ ၈ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၄)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၂၄၅၉၃၁၁)**ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် များကို အောင်မြင်အောင်ဆောင်ရွက်ရာ တွင် သိသာစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ် စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင် အခွင့်အလမ်းများနှင့် ပြည်သူတို့၏အသက် အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှု များလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်သွယ်မှုများလျော့နည်း ပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူ များမှ ယခုထက်ပိုမို၍တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

၁၀-၂-၂၀၂၅

## ထူးခြားသည့်ညအပူချိန်များ

| | | | | |
|---|---|---|---|---|
| ဟားခါး | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | |
| တီးတိန် | ၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| စစ်တွေ | ၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# ကြာအင်းဆိပ်ကြီးမြို့နယ်၊ အနန်းကွင်းကျေးရွာရှိ နေအိမ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့ နယ်၊ အနန်းကွင်းကျေးရွာရှိ နေအိမ်များ အား ဇန်နဝါရီလ ၂၉ ရက်နေ့မှ ဖေဖော်ဝါရီ လ ၅ ရက်နေ့အထိ လုံခြုံရေးတပ်ဖွဲ့ဝင် များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု ပြည်ဖျက် မီဒီယာများက သတင်းအမှားများ မဟုတ် မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက် ဆိုင်ရာမြို့နယ် လုံခြုံရေးတာဝန်ရှိသူတစ်ဦး နှင့် ဒေသခံပြည်သူများ၏ပြောကြားချက် အရ အနန်းကွင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်မှာ မှန်ကန်မှု မရှိကြောင်းနှင့် အကြမ်းဖက်သမားများ ကသာ ကျေးရွာများအတွင်း ဝင်ရောက်၍ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ ဆက် ကြေးကောက်ခံခြင်းများ လုပ်ဆောင်လျက် ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှု မရှိသည့်ကျေးရွာများအား ရှော့တိုက်ဒုံးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်လေ့ရှိ ကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်း ဖက်သမားများသည် ကြာအင်းဆိပ်ကြီး မြို့နယ်ရှိ ကျေးရွာအချို့ကို မီးရှို့ဖျက်ဆီး ခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို အဓမ္မ ယူဆောင်နေသည့်အတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေ လုံခြုံရေးဆောင်ရွက်လျက်ရှိသည်ကို တရား




မဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် သတင်း အမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နမ့်စန်မြို့၌ ၂၀၂၅ ခုနှစ်၊ လေးခရိုင်အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုပေးပွဲကျင်းပပြုလုပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆုရရှိသူများအား ဆုတံဆိပ်များချီးမြှင့်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၂၅ ခုနှစ်၊ လေးခရိုင်အမျိုးသားအလွတ်တန်း ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ မြို့နယ် အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် နမ့်စန်မြို့နယ်(ခ)အသင်းနှင့် လွိုင်လင်မြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြရာ နမ့်စန်မြို့နယ်(ခ)အသင်းက လွိုင်လင်မြို့နယ်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆု ရရှိကြသူများ၊ အသင်းလိုက်ဆုများနှင့် ဒိုင်းဆု ရရှိသည့် နမ့်စန်မြို့နယ်(ခ)အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုတံဆိပ်များ၊ ငွေသားဆုနှင့် ဒိုင်းဆုတို့အား အသီးသီးချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## ၁၀-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၄၈၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**

**သတ်မှတ်ရေးကော်မတီ**

## ရောဝတီတံတား( မလွန် )ရေလမ်းကြောင်း ပြောင်းလဲမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရောဝတီတံတား( မလွန် )ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ် (၃)နှင့်(၄)အကြားမှလည်းကောင်း၊ အဆန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ် (၂)နှင့်(၃)အကြားမှလည်းကောင်း သတ်မှတ်ပေးထားပြီး ယခုအခါ မြစ်ကြမ်းပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သောကြောင့် တံတားရေလမ်းကြောင်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်မှစ၍ အစုန်၊ အဆန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅)အကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ (၉၈) မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက်(၁၇)မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင်နေ့အခါအစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပြီး မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် **မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

(သတင်းစဉ်)

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂-၂-၂၀၂၅ ရက် ည ၈ နာရီမှ ၉-၂-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၈၈ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

## “ ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏“ **ပြည်သူ့ကြားကပြည်သူ့စကား**”အစီအစဉ်မှ “**NUG ကလည်းတော်လှန်ရေးရန်ပုံငွေ အဝေမတည့်၊ PDF ကလည်း ဓားပြတိုက်လို့ရတဲ့ငွေ အဝေမတည့်နဲ့အချင်းချင်းချောက်ချနေတဲ့ နိုင်ငံရေးဗန်းပြများ**” ခေါင်းစဉ်ဖြင့် ၁၂-၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “ **မရိုးနိုင်သော ကောလာဟလများ**” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့်အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အသိပေးနှိုးဆော်ချက်

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀.၂.၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၁၂.၂.၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက် မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက် အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မိုင်းခွဲခြင်း၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အာဆီယံလုပ်ငန်းရှင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ASEAN-OSHNET ဆုနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲကျင်းပ




နေပြည်တော် ဖေဖော်ဝါရီ ၁၀

အာဆီယံလုပ်ငန်းရှင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးကွန်ရက်ဆုနှင့်ပတ်သက်သည့်ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာကျော်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင်ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမောင်မောင်သန်းက ASEAN–OSHNET ဆုရွေးချယ်ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် "အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆု" ဗီဒီယိုမှတ်တမ်းကိုပြသပြီး အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းက ASEAN–OSHNET ဆုများအတွက် သတ်မှတ်ထားသည့်စံနှုန်းများကို လည်းကောင်း၊ ASEAN–OSHNET Best Practices Award ရရှိသည့် Jotun Myanmar အိမ်သုတ်ဆေးစက်ရုံမှ ကိုယ်စားလှယ်က ဆုယှဉ်ပြိုင်လျှောက်ထားခဲ့မှု အတွေ့အကြုံများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် ထူးခြားစွာ ဆောင်ရွက်ထားသော ကုန်ထုတ်သည့်စက်ရုံ၊ အလုပ်ရုံနှင့် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများအနေဖြင့် ASEAN–OSHNET Excellence ဆုကိုလည်းကောင်း၊ အလုပ်သမား အင်အား ၅၀ ဦးမှ ၃၀၀ ဦးအထိရှိ အသေးစားနှင့် အလတ်စား စက်ရုံ၊ အလုပ်ရုံနှင့်အလုပ်ဌာနများ၊ လုပ်သားအင်အား ၃၀၀ ဦးမှ ၆၀၀ ဦးအထိရှိ လုပ်အားအခြေပြုထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် လက်ခစားလုပ်ကိုင်သည့် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများအနေဖြင့် ASEAN–OSHNET Best Practices ဆုကိုလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး လျှောက်လွှာများကို ၂၀၂၅ ခုနှစ် မတ်လ ၃ ရက် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




## ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီ ပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ထုတ်လုပ်မှုများအပြင် ပြည်ပမှဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၀)

# အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်(၁၀)နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ တဲကုန်းကျေးရွာနေ နန်းထွေးနှင့် မြင့်မြင့်စန်းတို့မှ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ တဲကုန်းကျေးရွာနေ မ—၊ ၂၁/၂၀၂၄ နှစ်အား တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်ပါက တင်တောင်းငွေအဖြစ် တရုတ်ယွမ်(၄၀၀၀၀) ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်ယောက်ျားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပုသိမ်ကြီးမြို့ မရဲစခန်း(ပ)၃၁၀/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပါသည်။ အောင်မြေသာစံခရိုင်တရားရုံးမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်တွင် တရားခံ နန်းထွေးနှင့် မြင့်မြင့်စန်းတို့(၂)ဦးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၂-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၆၀ | ၃၂၇၀ | ၃၂၃၅ | ၃၁၇၀ | ၃၂၇၅ | ၃၂၉၀ | ၃၃၁၀ | ၃၂၃၀ | ၄၅၀၅ | ၃၅၂၀ | ၃၂၄၅ | ၃၂၄၅ | ၃၃၁၅ | ၃၂၈၀ | ၃၃၀၅ | ၃၅၆၀ | ၄၁၀၀ |
| 95 Ron | ၃၂၂၀ | ၃၃၃၀ | ၃၃၀၀ | ၃၂၃၀ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၀ | ၃၂၉၀ | ၄၅၆၀ | ၃၅၈၀ | ၃၃၀၅ | ၃၃၁၀ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၅ | ၃၆၂၀ | ၄၂၅၀ |
| HSD (500 ppm) | ၂၇၃၅ | ၂၈၅၀ | ၂၈၁၅ | ၂၇၅၀ | ၂၈၅၅ | ၂၈၇၀ | ၂၈၉၀ | ၂၈၀၅ | - | ၃၁၀၀ | ၂၈၂၅ | ၂၈၂၅ | ၂၈၉၅ | ၂၈၆၀ | ၂၈၈၀ | ၃၁၄၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၃၇၀ | ၃၄၈၅ | ၃၄၅၀ | ၃၃၈၅ | ၃၄၉၀ | ၃၅၀၅ | ၃၅၂၅ | ၃၄၄၀ | ၄၈၃၀ | ၃၇၃၅ | ၃၄၆၀ | ၃၄၆၀ | ၃၅၃၀ | ၃၄၉၅ | ၃၅၁၅ | ၃၇၇၅ | - |
| HSD (10 ppm) | ၃၃၇၀ | ၃၄၈၅ | ၃၄၅၀ | ၃၃၈၅ | ၃၄၉၀ | ၃၅၀၅ | ၃၅၂၅ | ၃၄၄၀ | - | ၃၇၃၅ | ၃၄၆၀ | ၃၄၆၀ | ၃၅၃၀ | ၃၄၉၅ | ၃၅၁၅ | ၃၇၇၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၈၃ | ၃၀၇၆ |
| 95 Ron | ၃၀၄၂ | ၃၁၃၆ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၅၆ |
| HSD (50 ppm) | ၃၁၉၀ | ၃၂၈၃ |
| HSD (10 ppm) | ၃၁၉၀ | ၃၂၈၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇–၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇–၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆၊
PADONMAR


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA


ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး ဗိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
RHINO CEMENT
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
RHINO PORTLAND CEMENT
PRODUCT OF MEC EXPORT QUALITY
PREMIUM QUALITY CEMENT
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
အာရေးဗီးကားကော်ဖီစေ့စစ်စစ်ကိုသာ အသုံးပြုထားကြောင်း အာမခံပါသည်။
PYIN OO LWIN Nan Myaing 2+1 coffee
Black Coffee PYIN OO LWIN NAN MYAING 2 in 1
PYIN OO LWIN NAN MYAING PURE ARABICA Coffee
ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်၊ မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုဆောင်ရွက်နေသည့် တရုတ်နိုင်ငံသား ၂၁ ဦး ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ

မိုင်းရယ်မြို့နယ်၊ မိုင်းဟဒေသအတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ဆောင်နေသူများအား ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် နေရာပြပုံ




ဖေဖော်ဝါရီလ ၉ ရက်တွင် ထပ်မံဖော်ထုတ်ဖမ်းဆီးရမိသည့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ဆောင်နေသူများအား တွေ့မြင်ရစဉ်။



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ အများစုသည် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားများအတွက် အလုပ်လုပ်ကိုင်ရန် တရားမဝင် ဝင်ရောက်လာကြသူများဖြစ်ကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း အဆိုပါ တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းအပါအဝင် အခြားဒုစရိုက်လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် ပူးပေါင်းအဖွဲ့များက တတ်ကြွစွာဖြင့် တင်းတင်းကျပ်ကျပ် ရှာဖွေစစ်ဆေးဖော်ထုတ် ဖမ်းဆီးမှုများ အဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်၊ မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့်ငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၁ ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် လိုအပ်သည့်စစ်ဆေးမှုအား ဆောင်ရွက်လျက်ရှိပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

၎င်းနယ်မြေအတွင်း ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၉ ရက်နေ့အထိ တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်နေသူများကို လုံခြုံရေးဆောင်ရွက်ပေးနေသူ ၅ ဦး၊ တရုတ်နိုင်ငံသား အမျိုးသား ၄၈ ဦး၊ အမျိုးသမီး ၂ ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၅ ဦး၊ အမျိုးသမီး ၂၉ ဦး၊ စုစုပေါင်း ၁၀၂ ဦးတို့အား တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ ၂၆၀ လုံး၊ Laptop ၂၅ လုံး၊ Desktop ၂၁ လုံး၊ Keyboard ၂၈ လုံး၊ Wifi စက် ၂ လုံး၊ Starlink ၇ လုံး၊ လက်နက်မျိုးစုံ ၇ လက်၊ ကွန်ပျူတာ ၇၂ လုံး၊ ငါးဂိမ်းစက် ၅ လုံး၊ မော်တော်ယာဉ်မျိုးစုံ ၃ စီး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

အထက်ပါဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများအား စိစစ်ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်ခြင်းနှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ဆောင်နေသူများနှင့်အခြား ဒုစရိုက်လုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တင်းတင်းကျပ်ကျပ် စုံစမ်းဖော်ထုတ်လျက်ရှိပြီး ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိုးညှင်းနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မိုးညှင်းမြို့နယ်၊ ပင်လုံကျေးရွာအုပ်စု၊ နန့်စီးအောင် ကျေးရွာအနီးတွင် မစိုးစိုး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၆ ဒသမ ၂ ကီလို( တစ်ကီလိုလျှင် ၁၂ သိန်းနှုန်းဖြင့် ဒေသကာလတန်ဖိုး ၇၄ ဒသမ ၄ သိန်း) ကိုလည်းကောင်း၊ ဖေဖော်ဝါရီလ ၉ ရက် မွန်းလွဲ ၃ နာရီတွင် တာချီလိတ်မြို့၊ ဆေခမ်းရပ်ကွက်၊ မြို့ရှောင်လမ်းတွင် ဇော်ထိုက်(ခ)ကပြား မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ရှေ့ခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ၃ နာရီခွဲတွင် တာချီလိတ်မြို့၊ ဆေခမ်းရပ်ကွက်ရှိ ၎င်း၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ၄၀၀ ကျပ်နှုန်းဖြင့် ဒေသကာလတန်ဖိုး သိန်း ၄၀) ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ဖေဖော်ဝါရီလ ၉ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်၊ ပါလျှံ(၂)၊ မြို့ပတ်လမ်းရှိ မျိုးအောင်(ခ) သားငယ်(ခ)ရှမ်းကုလား၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀၀၀ (တစ်ပြားလျှင် ၄၀၀ ကျပ်နှုန်းဖြင့် ဒေသကာလတန်ဖိုး ၉၂၀ သိန်း) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းသိရသည်။



ဇော်ထိုက်(ခ)ကပြားနှင့် မျိုးအောင်(ခ)သားငယ်(ခ)ရှမ်းကုလားတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

(ရဲပြန်ကြား)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။


ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Daw Moe Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာနေ မိုးမိုး(၆၀)နှစ်အား နံနက် ၁၁ နာရီ ၅ မိနစ်တွင် ကဒုံကနိနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# Economics and Space

နိုင်အောင်

## အင်္ဂါဂြိုဟ်သို့ ရက်ပေါင်း ၃၀ မှ ၆၀ အတွင်း ပို့ဆောင်ပေးနိုင်မည့် ပလပ်ဇမာအင်ဂျင်ရှေ့ပြေးပုံစံအား ရုရှားထုတ်လုပ်



ရုရှားသိပ္ပံပညာရှင်များသည် ဂြိုဟ်များအကြားသွားလာနိုင်ပြီး အင်္ဂါဂြိုဟ်သို့ သွားရောက်နိုင်မည့် ပလပ်ဇမာအင်ဂျင်၏ရှေ့ပြေးပုံစံတစ်မျိုးကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း ရုရှားမီဒီယာတစ်ခုက ဖော်ပြသည်။

အဆိုပါအင်ဂျင်၏ ပါဝါမှာ ၃၀၀ ကီလိုဝပ်ရှိပြီး သမားရိုးကျလျှပ်စစ်ကားများ၏ ပါဝါထက် အဆပေါင်းအနည်းငယ်ကျော်လွန်လျက်ရှိသော်လည်း ယင်းပါဝါသည် လူလိုက်ပါသည့် အာကာသယာဉ်တစ်စင်းအား ကမ္ဘာမြေကြီးမှ အင်္ဂါဂြိုဟ်သို့သွားရောက်နိုင်ရန် လုံလောက်မှုရှိကြောင်း၊ ၎င်းအင်ဂျင်ကို အာကာသအတွင်းရှိ အခြေအနေများနှင့် အလားသဏ္ဍာန်တူအောင် အထူးပြုလုပ်ထားသည့် အခန်းတစ်ခုတွင် စမ်းသပ်ပြီးဖြစ်သည်။

ပလပ်ဇမာအင်ဂျင်သည် လျှပ်စစ်တွန်းကန်မှုစနစ်တစ်မျိုးဖြစ်ပြီး လူလိုက်ပါသည့်အာကာသယာဉ်သို့မဟုတ်ကုန်တင်အာကာသယာဉ်တစ်စင်းကို အင်္ဂါဂြိုဟ်သို့ ရက်ပေါင်း ၃၀ မှ ၆၀ အတွင်း ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ရုရှားမီဒီယာက ပြီးခဲ့သည့် ရက်သတ္တပတ်အကုန်ပိုင်းတွင် ဖော်ပြခဲ့သည်။ လက်ရှိတွင် သမားရိုးကျဓာတုအင်ဂျင်များဖြင့်သာ အဆိုပါဂြိုဟ်သို့ သွားရောက်နိုင်ပြီး ထိုသို့သွားရောက်ရန်အတွက် ၆ လခန့်ကြာမြင့်လေ့ရှိသည်။

အဆိုပါအင်ဂျင်ထုတ်လုပ်သည့်စီမံကိန်းကို မော်စကိုမြို့တော်ရှိ ရိုဆာတွန်သုတေသနအင်စတီကျူတွင် အကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်ပြီး စမ်းသပ်မှုများကို ယခုနှစ်အတွင်း စတင်လုပ်ဆောင်မည်ဖြစ်သည်။


ရုရှားသိပ္ပံပညာရှင်များအနေဖြင့် ပြည်ပနိုင်ငံများအား ကျော်တက်နိုင်ရန်အတွက် နည်းပညာဆိုင်ရာ အခက်အခဲများကို ဖြေရှင်းကျော်လွှားနိုင်ရန်လိုအပ်နေပြီး နိုင်ငံ၏အမျိုးသားရည်မှန်းချက်များဖော်ဆောင်နိုင်ရန်အတွက် ငယ်ရွယ်သည့် သိပ္ပံပညာရှင်များ၏ ပါဝင်လုပ်ဆောင်မှုလိုအပ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ဖေဖော်ဝါရီလ ၆ ရက်တွင် တိုက်တွန်းပြောကြားခဲ့သည်။

Ref: Izvestia

## နိုင်ငံတကာအာကာသစခန်းသို့ ရုရှားအာကာသယာဉ်မှူးနှစ်ဦးအား စေလွှတ်မည်

ရုရှားနိုင်ငံမှ အာကာသယာဉ်မှူးနှစ်ဦးအား နိုင်ငံတကာအာကာသစခန်းသို့ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တို့တွင် စေလွှတ်မည်ဖြစ်ကြောင်း ရုရှားအာကာသကော်ပိုရေးရှင်း Roscosmos က ၎င်းတို့၏ ဝက်ဆိုက်တွင် ဖေဖော်ဝါရီလ ၇ ရက်က ဖော်ပြသည်။

နိုင်ငံတကာ အာကာသစခန်းသို့ သွားရောက်မည့် အာကာသယာဉ်မှူးများမှာ အိုလက်အာတန်ယက်နှင့် အိုလက်ပလာတိုနော့တို့ဖြစ်ပြီး ၎င်းတို့သည် အမေရိကန်မှ Dragon အာကာသယာဉ်ဖြင့် သွားရောက်မည်ဖြစ်သည်။



အိုလက်ပလာတိုနော့သည် ၂၀၂၅ ခုနှစ် နှစ်လယ်ပိုင်းတွင် ထွက်ခွာမည့် အာကာယာဉ်ဖြင့် လိုက်ပါမည်ဖြစ်ပြီး ကျန်တစ်ဦးဖြစ်သူ အိုလက်အာတန်ယက်မှာမူ ၂၀၂၆ ခုနှစ် နှစ်လယ်ပိုင်းတွင် အာကာသစခန်းသို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

အလားတူပင် အမေရိကန်အာကာသယာဉ်မှူး ခရစ္စတိုဖာဝီလီယံအနေဖြင့်လည်း Soyuz MS-28 အာကာသယာဉ်ဖြင့် ယခုလာမည့် နွေဦးရာသီတွင် နိုင်ငံတကာအာကာသစခန်းသို့ ထွက်ခွာမည်ဖြစ်သည်။

နိုင်ငံတကာအာကာသစခန်းသို့ ရုရှားနှင့်အမေရိကန်အာကာသယာဉ်မှူးများအား စေလွှတ်ရာတွင် အမေရိကန်မှ Dragon အာကာသယာဉ်နှင့် Soyuz MS-28 အာကာသယာဉ်တို့အား အလဲအလှယ်လုပ်၍ အသုံးပြုမည့် seat swap flights အစီအစဉ်အား သက်တမ်းတိုးမြှင့်ရန် Roscosmos နှင့်အမေရိကန်နာဆာတို့ကြား သဘောတူညီခဲ့ကြောင်း ရုရှားနိုင်ငံ ဂါဂါရင်အာကာသယာဉ်မှူးလေ့ကျင့်ရေးစင်တာမှ အကြီးအကဲ မက်ဆင်ခါလာမေ့ဗ်က ပြောကြားခဲ့သည်။

Ref: Izvestia, Tass

## ထရမ့်၏ အခွန်တိုးမြှင့်ကောက်ခံမည့်ကြေညာချက်ကို ပြင်သစ်နှင့် အီးယူတို့က တုံ့ပြန်မည်ဟု ပြင်သစ်ပြော



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ နောက်ဆုံးပြုလုပ်သည့် အခွန်တိုးမြှင့်ကောက်ခံမည့် ကြေညာချက်ကို ပြင်သစ်နှင့် အီးယူတို့က တုံ့ပြန်မည်ဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယင်း နိုဝယ် ဘားရော့က ဖေဖော်ဝါရီလ ၁၀ ရက်တွင်ပြောသည်။

ဥရောပနိုင်ငံများအနေဖြင့် အမေရိကန်၏ အခွန်တိုးမြှင့်ကောက်ခံမည်ဟူသော ခြိမ်းခြောက်မှုများကို ကာကွယ်ရန် တွန့်ဆုတ်မနေသင့်ကြောင်း၊ ထို့ပြင် ကုန်သွယ်ရေးစစ်ပွဲသည် မည်သည့်နိုင်ငံအတွက်မျှ အကျိုးမရှိဟု ၎င်းက TF1 ရုပ်သံသို့ပြောသည်။

အမေရိကန်အစိုးရသည် နိုင်ငံအတွင်းသို့ တင်သွင်းလာသည့် အလူမီနီယံနှင့် သံမဏိထုတ်ကုန်အားလုံးအပေါ် အခွန်သစ်အဖြစ် ၂၅ ရာခိုင်နှုန်းကောက်ခံရန်စီစဉ်ထားပြီး အမေရိကန်၏ ကုန်သွယ်ဖက်နိုင်ငံများနှင့်လည်း အပြန်အလှန်အခွန်တိုးမြှင့်ကောက်ခံမည့်အစီအစဉ်ကို မကြာမီကြေညာမည်ဖြစ်သည်ဟု ထရမ့်က ဖေဖော်ဝါရီလ ၉ ရက်တွင်ပြောကြားခဲ့ကြောင်းသိရသည်။

Ref: Xinhua

## ကနေဒါက အမေရိကန်၏ ၅၁ ခုမြောက် ပြည်နယ်ဖြစ်လာရေး ရပ်တည်ချက်ကို ထရမ့်အတည်ပြု




နယူးယောက်၊ နိုင်ငံရေး

ကနေဒါနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ ၅၁ ခုမြောက် ပြည်နယ်ဖြစ်လာရေး ၎င်း၏ရပ်တည်ချက်သဘောထားကို အမေရိကန်နိုင်ငံ သမ္မတဒေါ်နယ်ထရမ့်က ထပ်မံအတည်ပြုခဲ့ကြောင်းသိရသည်။


အမေရိကန်ပြည်ထောင်စုသည် ကနေဒါနိုင်ငံသို့ နှစ်စဉ် ဒေါ်လာ ၂၀၀ ဘီလီယံဆုံးရှုံးနေရပြီး ယင်းအခြေအနေမျိုးကို ဆက်လက်ဖြစ်ပေါ်စေမည်မဟုတ်ကြောင်း၊ ထို့ကြောင့် ကနေဒါသည် အမေရိကန်၏ ၅၁ ခုမြောက် ပြည်နယ်ဖြစ်လာခြင်းက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း ထရမ့်က Fox သတင်းဌာနနှင့် ဖေဖော်ဝါရီလ ၉ ရက်တွင် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခြင်းဖြစ်သည်။

သမ္မတထရမ့်အနေဖြင့် ကနေဒါနိုင်ငံသို့ ကျူးကျော်ဝင်ရောက်မည့် အစီအစဉ်မရှိဟု ထင်မြင်မိကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး မိုက်ဝေါ့က အစောပိုင်းတွင် ပြောကြားထားသည်။

ကနေဒါနိုင်ငံသည် အမေရိကန်၏ ၅၁ ခုမြောက် ပြည်နယ်ဖြစ်လာစေရန်အတွက် ကနေဒါနိုင်ငံအတွင်းရှိပြည်သူအများအပြားကလိုလားလျက်ရှိကြောင်း၊ အမေရိကန်နှင့် ပေါင်းစည်းခြင်းအားဖြင့် ကနေဒါနိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုကိုဖြစ်ပေါ်စေမည့်အပြင် အခြားပြည်ပခြိမ်းခြောက်မှုများမှလည်း ကာကွယ်မှုရရှိနိုင်မည်ဖြစ်ကြောင်း ထရမ့်က ထပ်တလဲလဲပြောကြားထားသည်။

သို့သော် ကနေဒါနိုင်ငံသည် မည်သည့်အခါမျှ အမေရိကန်၏တစ်စိတ်တစ်ဒေသဖြစ်လာမည်မဟုတ်ဟု ကနေဒါဝန်ကြီးချုပ်ဂျက်စတင်ထရူးဒိုးက တုံ့ပြန်ပြောကြားခဲ့ကြောင်းသိရသည်။ **Ref: Tass, Xinhua**

# ကယ်လီဖိုးနီးယားပြည်နယ်အား ဒေါ်လာ တစ်ထရီလီယံဖြင့် ဝယ်ယူမည်ဟု ထရမ့်အား ဒိန်းမတ်ကမ်းလှမ်း




ဘာရပ်ဆဲ၊ စီးပွားရေး

ဒိန်းမတ်နိုင်ငံက အမေရိကန်ပြည်ထောင်စုမှ ကယ်လီဖိုးနီးယားပြည်နယ်ကို ဝယ်ယူရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အား ဒိန်းမတ်အဖွဲ့အစည်းတစ်ခုဖြစ်သည့် Denmarkification က ကမ်းလှမ်းခဲ့သည်ဟု မီဒီယာတစ်ခုက ဖေဖော်ဝါရီလ ၁၀ ရက်တွင်ဖော်ပြသည်။

ဒိန်းမတ်နိုင်ငံအနေဖြင့် ထရမ့်က ဂရင်းလန်းအား အမေရိကန်ပြည်ထောင်စုအတွင်းသို့ပေါင်းစည်းရန် ပြောဆိုမှုကို တုံ့ပြန်သည့်အနေဖြင့် ကယ်လီဖိုးနီးယားပြည်နယ်အား ဒေါ်လာတစ်ထရီလီယံဖြင့် ဝယ်ယူရန် ကမ်းလှမ်းခြင်းဖြစ်ကြောင်း အမေရိကန်မီဒီယာတစ်ခုဖြစ်သည့် Politico တွင်ဖော်ပြထားသည်။

ထို့ပြင် ကယ်လီဖိုးနီးယားပြည်နယ်၌ ဒိန်းမတ်နိုင်ငံတွင်မရှိသည့် နေရောင်ခြည်၊ ကမ်းခြေများ၊ ပေါ်များလှသည့် ထောပတ်သီးနှင့် စကိတ်စီးနင်းနိုင်သည့် နေရာများရှိနေပြီး ယင်းပြည်နယ်အားဝယ်ယူရန်အတွက် ဒိန်းမတ်ပြည်သူတစ်ဦးလျှင် ခရီနာ ၂၀၀၀၀၀ ခန့်သာကုန်ကျမည်ဖြစ်ကြောင်း၊ ယခုအခါ ကယ်လီဖိုးနီးယားပြည်နယ်အားဝယ်ယူရန် ဒိန်းမတ်နိုင်ငံသား ၁၉၈၀၀၀ ကျော်က အသနားခံလွှာတွင် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း Denmarkification အဖွဲ့၏ဝက်ဆိုက်တွင်ဖော်ပြသည်။

ထို့ပြင် ထရမ့်သည် ကယ်လီဖိုးနီးယားပြည်နယ်အား အထူးကြိုက်နှစ်သက်ခြင်းမရှိသောကြောင့် ယင်းပြည်နယ်အား ဒိန်းမတ်နိုင်ငံသို့ ရောင်းချပေးရန်သဘောတူမည်ဟုယုံကြည်သည်ဟု Denmarkification အဖွဲ့က ဆက်လက်ပြောကြားထားကြောင်းသိရသည်။ Ref: Iv, Tass

# ရုရှားက Su-57 ပဉ္စမမြောက်မျိုးဆက်သစ်တိုက်လေယာဉ်ကို ပထမဆုံးအကြိမ်အဖြစ် အမေရိကန် F-35 တိုက်လေယာဉ်နှင့်အတူ အိန္ဒိယတွင်ထုတ်ဖော်ပြသ



မော်စကို၊ နည်းပညာ

ရုရှားနိုင်ငံသည် ၎င်းတို့၏ Su–57 ပဉ္စမမြောက်မျိုးဆက်သစ် တိုက်လေယာဉ်ကို ပထမဆုံးအကြိမ်အဖြစ် အမေရိကန် F–35 တိုက်လေယာဉ်နှင့်အတူ အိန္ဒိယနိုင်ငံရှိလေကြောင်းပြပွဲတွင် ဖေဖော်ဝါရီလ ၁၀ ရက်က ထုတ်ဖော်ပြသခဲ့ကြောင်းသိရသည်။

ရုရှားနိုင်ငံ Sukhoi ကုမ္ပဏီထုတ် Su–57 တိုက်လေယာဉ်အား အမေရိကန် F–35 တိုက်လေယာဉ်နှင့်အတူ အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ် ဘင်ဂါလာရူမြို့ ယီလာဟန်ကာလေဆိပ်၌ ကျင်းပသည့် Aero India 2025 လေကြောင်းပြပွဲတွင် ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် ယခုထုတ်ဖော်ပြသခဲ့သည့် ၎င်းတို့၏ပဉ္စမမြောက်မျိုးဆက်သစ်ဘက်စုံသုံးတိုက်လေယာဉ်ကို တင်ပို့ရောင်းချပေးရန်အသင့်ရှိသည်ဟု ရုရှားနိုင်ငံပိုင် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ Rosoboronexport မှ အကြီးအကဲဖြစ်သူ အလက်ဇန္ဒားမစ်ဟီက ပြောသည်။

ထို့ပြင် Su–57 ပဉ္စမမြောက်မျိုးဆက်သစ်တိုက်လေယာဉ်ကိုထုတ်ဖော်ပြသလိုက်ခြင်းအားဖြင့် ကမ္ဘာ့စျေးကွက်၊ အထူးသဖြင့် အာရှ–ပစိဖိတ်ဒေသနှင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများမှ လေယာဉ်အပေါ်စိတ်ဝင်စားမှုများတိုးပွားလာခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

အဆိုပါလေကြောင်းပြပွဲတွင် အမေရိကန်က ၎င်းတို့၏ F–35A ကိုယ်ပျောက်တိုက်လေယာဉ်နှင့် အဆင့်မြှင့်တင်ထားသည့် F–16 တိုက်လေယာဉ်များမောင်းနှင်ပျံသန်းပြရန် ကနဦးတွင်စီစဉ်ခဲ့သော်လည်း ပြပွဲမစတင်မီ ရက်ပိုင်းအလိုတွင် အဆိုပါအစီအစဉ်အား ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။

အဆိုပါအစီအစဉ်ပယ်ဖျက်မှုသည် ပြပွဲ၌ ရုရှားနိုင်ငံ၏ ပဉ္စမမြောက်မျိုးဆက်သစ်တိုက်လေယာဉ်ကို ထုတ်ဖော်ပြသခြင်းနှင့် ဆက်နွှယ်မှုရှိနိုင်ကြောင်း အိန္ဒိယနိုင်ငံဆိုင်ရာ ရုရှားသံအမတ် ဒီးနစ် အလီပေါ့ဗ်က Tass သတင်းအေဂျင်စီသို့ ပြောကြားခဲ့ကြောင်းသိရသည်။

Ref: RT

## နိုင်ငံတကာသတင်းတိုကဏ္ဍ

### စင်ကာပူအရှေ့ပိုင်းရှိ အငှားယာဉ်ဂိတ်တစ်ခုအား ကားတစ်စီးဝင်တိုက် လူသုံးဦးဒဏ်ရာရ

စင်ကာပူနိုင်ငံအရှေ့ပိုင်းတွင် ဖေဖော်ဝါရီလ ၁၀ ရက်က ဈေးဝယ်စင်တာတစ်ခု၏ ပြင်ပရှိ အငှားယာဉ်ဂိတ်တစ်ခုအား ကားတစ်စီးကဝင်တိုက်ခဲ့ရာ လူသုံးဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

အဆိုပါမတော်တဆမှုသည် ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၅၀ ခန့်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး အဖြူရောင်ကားတစ်စီးက ဆီရန်ဂွန်းစင်တရယ်ရှိ အငှားယာဉ်ဂိတ်အား ရုတ်တရက်ဝင်တိုက်ရာမှ အခြားအငှားယာဉ်တစ်စီးနှင့် ခေါင်းချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများတွင် အသက်သုံးနှစ်အရွယ် ကလေးငယ်တစ်ဦးပါဝင်ပြီး တာဝန်ရှိသူများက ၎င်းတို့အား ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အငှားယာဉ်အားဝင်တိုက်ခဲ့သည့် အဖြူရောင်ကားမှ ယာဉ်မောင်းအား ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။ Ref: Xinhua

### တောင်ကိုရီးယားတွင် ရေနံသိုလှောင်ကန်တစ်ခုပေါက်ကွဲ အလုပ်သမားတစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရ

တောင်ကိုရီးယားနိုင်ငံတောင်ပိုင်းတွင် ဖေဖော်ဝါရီလ ၁၀ ရက်က ရေနံသိုလှောင်ကန်တစ်ခုပေါက်ကွဲရာ အလုပ်သမားတစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိသွားကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ထုတ်ပြန်သည်။

ပေါက်ကွဲမှုသည် ဆိုးလ်မြို့တော်အရှေ့တောင်ဘက် ၃၀၀ ကီလိုမီတာအကွာ အူဆန်မြို့ရှိ ရေနံစက်ရုံ၌ ဒေသစံတော်ချိန်နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် အလုပ်သမားများက သိုလှောင်ကန်၏အပေါက်ကိုဖွင့်၍ အတွင်းရှိ ရေနံဓာတုပစ္စည်းများကို စစ်ဆေးစဉ် ဖြစ်ပွားခြင်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်ကျွမ်းမှုဆက်လက်ဖြစ်ပွားခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားသည့် ရေနံသိုလှောင်ကန်အနီးတွင် ချောဆီ၊ ဓီဝဒီဇယ်နှင့် အခြားဓာတုပစ္စည်းများသိုလှောင်ထားသည့် သိုလှောင်ကန်ငါးခုရှိကြောင်းသိရသည်။

မီးလောင်ကျွမ်းမှုကို မီးသတ်တပ်ဖွဲ့က သုံးနာရီအကြာတွင် လုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်းသိရသည်။ Ref: Xinhua

# ပဲရစ်မြို့လေဆိပ်တွင် ခရီးသည်တစ်ဦးက လေယာဉ်အမှုထမ်းအားတိုက်ခိုက်ပြီး မောင်းနှင်ထွက်ခွာရန် ပြင်ဆင်နေသည့် လေယာဉ်ပေါ်မှခုန်ချ

ပဲရစ်၊ ပြည်တွင်းရေး

ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ လေဆိပ်တစ်ခုတွင် မောင်းနှင်ထွက်ခွာရန်ပြင်ဆင်နေသည့် လေယာဉ်တစ်စင်းပေါ်မှ ခရီးသည်တစ်ဦး ခုန်ချသွားခဲ့ကြောင်း မီဒီယာတစ်ခုက ဖေဖော်ဝါရီလ ၁၀ ရက်တွင် ဖော်ပြသည်။

အဆိုပါဖြစ်စဉ်သည် ပဲရစ်မြို့ရှိ အော်လီလေဆိပ်တွင် ပြီးခဲ့သည့်ရက်သတ္တပတ်အကုန်ပိုင်းက ဖြစ်ပွားခြင်းဖြစ်ပြီး IIberia လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်သည် စပိန်နိုင်ငံ မဒရစ်မြို့သို့ ပျံသန်းထွက်ခွာရန်ပြင်ဆင်နေစဉ် အဆိုပါခရီးသည်အမျိုးသားက လေယာဉ်အမှုထမ်းအမျိုးသမီးအားတိုက်ခိုက်ပြီး အရေးပေါ်ထွက်ပေါက်မှ မြေပြင်ရှိကတ္တရာလမ်းပေါ်သို့ ခုန်ချသွားခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါအမျိုးသားအား လေဆိပ်အာဏာပိုင်အဖွဲ့က ချက်ချင်းဖမ်းဆီးထိန်းသိမ်းလိုက်ပြီး မည်သည့်အကြောင်းရင်းကြောင့် လေယာဉ်ပေါ်မှ ခုန်ချရသည်ကို စစ်ဆေးလျက်ရှိသည်။

ယင်းနောက်တွင် အဆိုပါ IIberia လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်သည် စပိန်နိုင်ငံသို့ ငါးနာရီခန့် နှောင့်နှေးကြန့်ကြာပြီးနောက် ထွက်ခွာသွားနိုင်ခဲ့ကြောင်းသိရသည်။

Ref: Iv








**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**


**ပျောက်ဆုံးကြောင်း**

မြိတ်မြို့၊ မြို့မ(၁)ရပ်နေ လင်းသူရိန်အောင်(ဘ)ဦးကျော်စွာဝင်း ၆/မမန(နိုင်)၂၅၉၃၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 690455)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၅၂၇၄၃၄၂၅

**ပျောက်ဆုံးကြောင်း**

အောင်မြင့်ထွန်း(ဘ)ဦးဖိုးလှ ၈/တတက(နိုင်)၁၅၁၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 681516)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၂၆၀၇၄၂၇

**ပျောက်ဆုံးကြောင်း**

ငြိမ်းချမ်းဦး(ဘ)ဦးကျော်ကျော်ဦး ၁၂/သဃက(နိုင်)၁၈၈၀၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၈၄၀၇၅၉၁

**ပျောက်ဆုံးကြောင်း**

မောင်ရှိန်(ဘ)ဦးတင်ချွေ ၁၀/မဒန(နိုင်)၂၈၇၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၈၈၉၄၁၁၀

**ပျောက်ဆုံးကြောင်း**

ဟန်ကြည်(ဘ)ဦးစံဖဲ ၁၀/မဒန(နိုင်)၂၆၇၁၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၈၈၉၄၁၁၀

**ပျောက်ဆုံးကြောင်း**

မခင်အေး(ဘ)ဦးကုလားယေ ၁၁/ရသတ(နိုင်)၀၄၅၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မောင်အောင်မိုး(ဘ)ဦးတင်ညွန့် ၆/ထဝန(နိုင်)၀၁၀၉၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၁၁၆၆၈၅၁


## ညစ်ညမ်းစာများကို ပုံနှိပ်၊ ထုတ်ဝေခဲ့သည့်အတွက် လုပ်ငန်းပိတ်သိမ်းထားသော ပုံနှိပ်သူနှင့်ထုတ်ဝေသူများစာရင်းအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)ပါ ညစ်ညမ်းစာများကိုဖော်ပြခြင်း စည်းကမ်းချက်ကိုဖောက်ဖျက်၍ ဟီရိဩတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့်ခံစားနားလည်မှုကို လွဲမှားစေနိုင်သော အကြောင်းအရာများကို ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခဲ့ကြောင်း တွေ့ရှိရပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ပုံနှိပ်သူ/ထုတ်ဝေသူ အမည်/မှတ်ပုံတင်အမှတ်/ စာပေတိုက် | ပုံနှိပ်သူ/ထုတ်ဝေသူ နေရပ်လိပ်စာ | အရေးယူဆောင်ရွက်မှု |
|---|---|---|---|---|---|
| (က) | "Personal Stylist" | Hnaung | ဒေါ်ယုယုအေး (မြရောပုံနှိပ်တိုက်) (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br><br>ဒေါ်ထက်ထက်ဝေ ၈/ပဖန(နိုင်) ၁၁၈၀၆၆ (Parallel Book House - ၀၃၁၂၃) | အမှတ်-(၂၆/၁)၊ (၈၁/ဘီ)၊ ၄၂x၄၃ ကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။<br><br>မုန်တောကြီးရွာ၊ ပွင့်ဖြူမြို့နယ်၊ မင်းဘူးခရိုင်၊ မကွေးတိုင်းဒေသကြီး။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ ရန်ပျက်ကွက်ခြင်း |
| (ခ) | "I Am Your Baby's Father" | Hnaung | ဒေါ်ယုယုအေး (မြရောပုံနှိပ်တိုက်) (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br><br>ဒေါ်ထက်ထက်ဝေ ၈/ပဖန(နိုင်) ၁၁၈၀၆၆ (Parallel Book House - ၀၃၁၂၃) | အမှတ်-(၂၆/၁)၊ (၈၁/ဘီ)၊ ၄၂x၄၃ ကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။<br><br>မုန်တောကြီးရွာ၊ ပွင့်ဖြူမြို့နယ်၊ မင်းဘူးခရိုင်၊ မကွေးတိုင်းဒေသကြီး။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ ရန်ပျက်ကွက်ခြင်း |
| (ဂ) | "ညို" | hAnn 63 | ဒေါ်မျိုးပပလှိုင် (Star Printing) (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br><br>ဒေါ်ရီရီဆန်း ၉/ပမန(နိုင်) ၁၃၇၃၉၂ (ပစ္စုပ္ပန်စာပေ-၀၃၁၀၃) | သဲကျွန်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်။<br><br>အမှတ်(၆၆)၊ သဲကျွန်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ ရန်ပျက်ကွက်ခြင်း |
| (ဃ) | AhMoon | " North Star" | ဒေါ်မျိုးပပလှိုင် (Star Printing) (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br><br>ဒေါ်ရီရီဆန်း ၉/ပမန(နိုင်) ၁၃၇၃၉၂ (ပစ္စုပ္ပန်စာပေ-၀၃၁၀၃) | သဲကျွန်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်။<br><br>အမှတ်(၆၆)၊ သဲကျွန်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်။ | |

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအား ဖတ်ရှုလေ့လာစိစစ်၍ ကြပ်မတ်စိစစ်လျက်ရှိပါကြောင်းနှင့် အဆိုပါ ဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သော အထက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူတို့အား ၂၀၂၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်း လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ရုပ်သိမ်းခြင်း၊ ထုတ်ဝေစာအုပ်များကို တရားမဝင်ထုတ်ဝေစာအဖြစ် ထုတ်ပြန်ကြေညာခြင်း၊ ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကိုဖောက်ဖျက်၍ ပုံနှိပ်၊ ထုတ်ဝေခြင်းများကိုပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေပါသည်။ (မိုး/ဇလ)

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် ဖေဖော်ဝါရီ ၁၀

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

- ❖ **စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာဌာနကြီး တစ်ခုဖြစ်. . .**
- ❖ **စာဖတ်စေရန်နှင့် စာဖတ်အားများတက်လာစေရန် ဆောင်ရွက်ရမည်ဖြစ် . . .**
- ❖ **တစ်ဦးချင်းအသိပညာများကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို. . .**
- ❖ **ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို. . .**
- ❖ **စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းများ ဖွင့်လှစ်သင်ကြား



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄-၂၀၂၅ တက္ကသိုလ်ပညာသင်နှစ် တက္ကသိုလ်များ(တောင်ကြီး) တပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၀

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာအသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန်ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏

**စာမျက်နှာ ၂၂ ကော်လံ ၄ ○**

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲနှင့် ဖျော်ဖြေပွဲကို တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၂ ရက်တွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၆ နာရီ ၄၀ မိနစ်မှစတင်၍ MRTV-HD၊ MRTV News၊ MRTV Farmers'၊ MRTV Sports၊ MRTV Parliament ၊ MRTV NRC၊ 5 Plus၊ Readers' Channel၊ Channel 9 ၊ MNTV ၊ Skynet Up to Date Channel၊ MWD HD ၊ MWD VARIETY HD တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ သဇင် FM၊ ပတ္တမြား FM၊ ချယ်ရီ FM၊ ပဒုမ္မာဝတီ FM၊ မန္တလေး FM၊ ရွှေ FM၊ ပုဂံ FM နှင့်

**စာမျက်နှာ ၁၄ ကော်လံ ၃ ■**

## ပြည့်ဂုဏ်မြင့်မားစေမည့် MSME လုပ်ငန်းများ

ဆောင်းပါး စာ - ၁၃ သို့

## ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်၊ မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုဆောင်ရွက်နေသည့် တရုတ်နိုင်ငံသား ၂၁ ဦး ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ

စာ - ၂၈ သို့

